မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊အမှတ်(၂၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တူရကီနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၈ခုနှစ် အောက်တိုဘာ ၂၉ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာအဗ္ဗဒူလာ ဂူး(လ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအားလက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလှည့်လည်ရန်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယမန်နေ့ ညနေ ၆နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu နှင့် စစ်သံမှူး Senior Colonel, Fan Lianfeng တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ **Deputy Chief of General Staff, General, Zhang Li** အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလှည့်လည်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၉နာရီ ၁၀မိနစ်တွင် နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

နေပြည်တော်လေဆိပ်ရောက်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့သို့ အထူးလေယာဉ်ဖြင့်ထွက်ခွာသွားကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၉ ရက်)

သဘာဝစွန့်ပစ်ပစ္စည်းမှရရှိသော ဇီဝဓာတ်ငွေ့ အကျိုးရှိရှိအသုံးချ ကျေးလက်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေး စည်းရုံးဆောင်ရွက်

သဘာဝစွန့်ပစ်ပစ္စည်းများ အလဟဿမဖြစ်ရေး၊ လူတို့အကျိုးပြုအသုံးချနိုင်ရေး စမ်းသပ်ဆောင်ရွက်ရာ၌ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို ဇီဝဓာတ်ငွေ့အဖြစ် ပြောင်းလဲအသုံးပြုခြင်းမှာ ထိရောက်အောင်မြင်မှုရရှိခဲ့သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)သည် သဘာဝစွန့်ပစ်ပစ္စည်းသုံး ဇီဝဓာတ်ငွေ့စွမ်းအင်ထုတ်ဓာတ်ပေါင်းအိုးကို တီထွင်ပြုလုပ်နိုင်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂၆ရက်က ယင်းစက်ရုံသို့ရောက်ရှိပြီး သဘာဝစွန့်ပစ်ပစ္စည်းသုံး ဇီဝဓာတ်ငွေ့စွမ်းအင်ထုတ်ဓာတ်ပေါင်းအိုးမှ ထွက်ရှိသည့် ဇီဝဓာတ်ငွေ့ဖြင့် အသုံးပြုမှု ဇီဝဓာတ်ငွေ့စွမ်းအင်ထုတ်ဓာတ်ပေါင်းအိုး၏ ကိုယ်ထည်အပေါ်ပိုင်း၊ ကိုယ်ထည်အောက်ပိုင်း၊ ဓာတ်ငွေ့ထုတ် အပေါ်ထိပ်အုပ်၊ သဘာဝစွန့်ပစ်ပစ္စည်းထည့်ပိုက်နှင့် အသုံးပြုပြီး စွန့်ပစ်သည့် ပိုက်အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျေးလက်ဒေသများတွင် ကျွဲနွားများကို ငါးကောင်၊ ခြောက်ကောင်မွေးရုံဖြင့် ၎င်းတို့၏ စွန့်ပစ်ပစ္စည်းများမှထွက်ရှိသော ဇီဝဓာတ်ငွေ့ဖြင့် အိမ်ထောင်စုအလိုက် ထမင်း၊ ဟင်းချက်ပြုတ်နိုင်သည်သာမက အောက်လင်းမီးကိုပါ ထွန်းညှိအသုံးပြုနိုင်ကြောင်း သိရသည်။

ယင်းသဘာဝစွန့်ပစ်ပစ္စည်း ဇီဝဓာတ်ငွေ့စွမ်းအင်ထုတ်ဓာတ်ပေါင်းအိုးကို အသုံးပြုရာတွင် ကျွဲ၊ နွား၊ ဆိတ်၊ ဝက်စသည့် တိရစ္ဆာန်တို့၏ ငါးရက်အတွင်း စွန့်ပစ်ပစ္စည်းပေါင်၂၀ခန့်ဖြင့် ဇီဝဓာတ်ငွေ့လုံလောက်စွာ ရရှိနိုင်မည်ဆိုသည်ကို ကျေးလက်ဒေသပြည်သူများအား စည်းရုံးဆောင်ရွက်ကြရန်ဖြစ်သည်။

ဇီဝဓာတ်ငွေ့အသုံးပြုပြီး ကျန်ရှိသော ဇီဝမြေဩဇာနှင့်ဇီဝပျော်ရည်တို့သည် သီးနှံစိုက်ပျိုးရာတွင် ပြန်လည်အသုံးချခြင်းဖြင့် သီးနှံပင်များ ကြီးထွားခြင်း၊ အထွက်နှုန်းတိုးခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ပေရာ အစွမ်းထက်သောဇီဝဓာတ်ငွေ့ကို အသုံးပြုခြင်းသည် စိုက်ပျိုးရေးတွင်လည်းကောင်း၊ လောင်စာအတွက်လည်းကောင်း ငွေကုန်သက်သာစွာ အကျိုးဖြစ်ထွန်းပြီး စွမ်းအင်ချွေတာခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနည်းပါးခြင်း၊ သစ်တောပြုန်းတီးမှုတို့မှ ကာကွယ်နိုင်ခြင်းတို့ကြောင့် ကျေးလက်ဒေသ ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး၍ စည်းရုံးဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါ သည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘာသာရပ်ဆိုင်ရာပညာရှင်များ ဟောပြောပွဲ

ရန်ကုန် အောက်တိုဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပြန်ကြားရေးနှင့် သတင်းနည်းပညာ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းကော်မတီက ကြီးမှူး၍ လစဉ်ကျင်းပလျက်ရှိသော ဘာသာရပ်ဆိုင်ရာ ပညာရှင်များဟောပြောပွဲ (၁၁/၀၇-၀၈)ကို သပြေမင်း အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ ကူညီပံ့ပိုးမှုဖြင့် နိုဝင်ဘာ ၁ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက ကမ္ဘာ့ငွေကြေးအကျပ်အတည်းနှင့် ကမ္ဘာ့အကြီးဆုံး အာမခံကုမ္ပဏီကြီး၏ကျဆုံးခန်းခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ဝိဇ္ဇာအသိလမ်းမှ စရဏအကျင့်စခန်းသို့** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇း၅၅-၁း၅၅	တက်ညီလက်ညီ ရုပ်တည်နိုင်ပြီ၊ တိုင်းရောဝတီ
၈း၂၀-၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅-၂း၄၅	ကုသိုလ်ကံများ ထွန်းတောက်ပြောင် လှမ်းခဲ့ကံ့ကော်တစ်ထောင်
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	ပျော်ရွှင်ရင်ခုန်စေ လှပတဲ့မန္တလာမြေ (People မဂ္ဂဇင်း၏ Miss People)
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	Yangon Panorama (Foxconn Cup 2008 Dota Allstars-Cyber Game Tournament)
၁၀း၁၀-၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	Midweek Sports News
၁၀း၃၅-၄း၃၅	မြန်မာ့ရုပ်ရှင်နေ့ အကြိုဟောပြောပွဲနှင့် သက်ကြီးပူဇော်ပွဲ
၁၁း၀၅-၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	**ကျော်သွားမှာလား… ဖော်စားမှာလား** ခန့်စည်သူ၊ ဦးစောနိုင် (ရှမ်းပြည်)၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ ဟေမာန်အောင်အောင် (ဒါရိုက်တာအကယ်ဒမီ မလိခစိုးထိုက်အောင်)
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	ဘိုင်းဒါးရေလှောင်တမံ
၁၁း၄၀-၅း၄၀	တေးဂီတအစီအစဉ်
၁၁း၅၀-၅း၅၀	Myanmar Video Rhythm
၁၂း၁၅-၆း၁၅	ရောဝတီတံတား (ရတနာပုံ)
၁၂း၂၀-၆း၂၀	IT Talk (IT For Architecture)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၁၅	Arsenal -Tottenham	ESPN (Live)
	Man Utd-West Ham	Star Sports (Live)

ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၉-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၄း၅၀	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၅။	ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၄၂)
၆း၄၅	၁၆။	လျှပ်တစ်ပြက်
၇း၀၀	၁၇။	မြန်မာဗီဒီယိုဇာတ်လမ်းတွဲ **အိပ်မက်ဆိုးမှမနိုးခင်** (အပိုင်း-၁၀)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
	၂၂။	ဖြေလိုက်ပါ
	၂၃။	ICT သုတ
	၂၄။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး**(အပိုင်း-၂)

ဓာတ်အားလိုင်းများ အပြန်အလှန်ချိတ်ဆက်ခြင်းနှင့် ဓာတ်အားပို့လွှတ်ခြင်းလုပ်ငန်းများ အနှောင့်အယှက်ကင်းရှင်းပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် အောက်တိုဘာ ၂၆ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ မြောင်းတကာ ပင်မဓာတ်အားခွဲရုံသို့ သွားရောက်ပြီး ကမာနတ်(ပဲခူး)-မြောင်းတကာ 230 KV Twin Bundle Single Circuit ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၈၀)မှ(၁၈၆)အထိ လိုင်းကြိုးသွယ်တန်းချိတ်ဆက်ခြင်းကို လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ(အပေါ်ပုံ)၊ **ရွှေတောင်-မြောင်းတကာ 230 KV မဟာဓာတ်အားလိုင်း ချိတ်ဆက်ဓာတ်အားပို့လွှတ်မှုအခြေအနေ၊ မြောင်းတကာနှင့်လှော်ကားဓာတ်အားလိုင်း(L_1)(L_2)(L_3) တို့အား Switch Yard တွင် Diversion ပြုလုပ်၍ အပြန်အလှန်ဓာတ်အားပို့လွှတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မြောင်းတကာပင်မဓာတ်အားခွဲရုံ Switch Yard ရှိ Bus Bar များနှင့် ဓာတ်အားလိုင်းများ ချိတ်ဆက်ထားရှိမှု၊ ရွှေတောင်-မြောင်းတကာနှင့် လှော်ကားဓာတ်အားလိုင်းများ Diversion ပြုလုပ်၍ အပြန်အလှန်ချိတ်ဆက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဓာတ်အားအဝင်အထွက် လက်ခံဖြန့်ဖြူးမှုနှင့် 33KVအထွက်ဖီဒါ (၅)ခုဖြင့် ဓာတ်အားဖြန့်ဖြူးပို့လွှတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ခွဲရုံရှင်းလင်းခန်းမ၌ ဝန်ကြီးအား စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီး ဦးစောဝင်းမောင်က ကမာနတ် (ပဲခူး)-မြောင်းတကာ 230 KV မဟာဓာတ်အားလိုင်း Twin Bundle Single Circuit Line မိုင်၄၀ကို တာဝါတိုင် ၁၈၆ တိုင် တည်ဆောက်ပြီးစီးမှုနှင့် ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကမာနတ်(ပဲခူး)-သန်လျင် 230 KV မဟာဓာတ်အားလိုင်း၆၁မိုင်ကို တာဝါတိုင် ၂၇၂ တိုင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သာကေတ-သန်လျင် 230 KV Twin Bundle Double Circuit မဟာဓာတ်အားလိုင်း ၇ဒသမ၅မိုင်ကို တာဝါတိုင်၃၆တိုင် တည်ဆောက်ခြင်းနှင့် တိုင်ထူ၊ ကြိုးဆွဲခြင်းလုပ်ငန်းများ အချိန်မီ ပြီးစီးစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက 230 KV မဟာဓာတ်အားလိုင်း သွယ်တန်းတည်ဆောက်ခြင်းလုပ်ငန်းများနှင့် မြောင်းတကာဓာတ်အားခွဲရုံမှ ရွှေတောင်နှင့်လှော်ကား ဓာတ်အားလိုင်းများ အပြန်အလှန်ချိတ်ဆက်ခြင်းနှင့် ဓာတ်အားပို့လွှတ်ခြင်းလုပ်ငန်းများ စနစ်တကျရှိရေးနှင့် အနှောင့်အယှက်ကင်းရှင်းရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး မှာကြားပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် စင်ကာပူသမ္မတနိုင်ငံ Marina Bay Project စီမံကိန်းလုပ်ငန်းရှိ Golden Tai Yang Pte Ltd. ၏ လုပ်ငန်းခွင်၌ မြန်မာကျွမ်းကျင်လုပ်သားများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (အလုပ်သမား)

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည် အာဆီယံလူ့စွမ်းအားအရင်းအမြစ် ထိပ်သီးအစည်းအဝေးနှင့် စင်ကာပူလူ့စွမ်းအားအရင်းအမြစ်ထိပ်သီးအစည်းအဝေးများတက်ရောက်

မြန်မာကျွမ်းကျင်လုပ်သားများ အလုပ်အကိုင်တိုးမြှင့်ရရှိရေးဆွေးနွေးခဲ့

နေပြည်တော် အောက်တိုဘာ ၂၈

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် စင်ကာပူသမ္မတနိုင်ငံ လူအင်အားဝန်ကြီးဌာန ဝန်ကြီး Mr. Gan Kim Yong ၏ ဖိတ်ကြားချက်အရ အောက်တိုဘာ၂၂ရက် မှ ၂၄ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် အာဆီယံလူ့စွမ်းအားအရင်းအမြစ်ထိပ်သီးအစည်းအဝေးနှင့် စင်ကာပူလူ့စွမ်းအားအရင်းအမြစ် ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ Senior Minister, Mr.Goh Chok Tong က ဝန်ကြီး ဦးအောင်ကြည်အား Istana အဆောက်အအုံ၌ အခြားအာဆီယံ အလုပ်သမားဝန်ကြီးများနှင့်အတူ တွေ့ဆုံခဲ့သည်။ ဝန်ကြီးသည် ထိုနေ့နံနက်ပိုင်းကလည်း စင်ကာပူနိုင်ငံ လူအင်အားဝန်ကြီးဌာန ဝန်ကြီး Mr. Gan Kim Yong နှင့် အဖွဲ့အား တွေ့ဆုံ၍ မြန်မာနိုင်ငံမှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ ချမှတ်ဆောင်ရွက်နေမှုများ၊ လုပ်သားများ၏ ကျွမ်းကျင်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာကျွမ်းကျင် လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်ရရှိရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေး

ဝန်ကြီးသည် အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် စင်ကာပူနိုင်ငံ အလုပ်အကိုင် အေဂျင်စီများအသင်း ဥက္ကဋ္ဌ Mr. A.J Aliyar Razzy နှင့် တွေ့ဆုံပြီး အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းများ အခြေအနေနှင့် နှစ်နိုင်ငံ အလုပ်အကိုင် အေဂျင်စီများ အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ အောက်တိုဘာ၂၄ရက် မွန်းလွဲပိုင်းတွင် Marina Bay Project စီမံကိန်းလုပ်ငန်းရှိ မြန်မာကျွမ်းကျင် လုပ်သား ၂၄၀ အလုပ်လုပ်ကိုင်လျက်ရှိသော Golden Tai Yang Pte Ltd. ကုမ္ပဏီ၏ လုပ်ငန်းခွင်သို့ သွားရောက်၍ မြန်မာကျွမ်းကျင်လုပ်သားများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး Employment and Employability Institute Pte Ltd. (e21) နှင့် Institute of Technical Education တို့သို့ သွားရောက်လေ့လာကာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ အုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ဝန်ကြီးသည် အောက်တိုဘာ ၂၆ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်မြင်တိုင်အထက(၁) ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ယခင် အေဘီအမ် ကြည့်မြင်တိုင် မိန်းကလေး အထက်တန်းကျောင်း)၏ ပဉ္စမအကြိမ် စုပေါင်း အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မုန့်စားဆောင်၌ ကျင်းပမည်ဖြစ်သည်။

ပဉ္စမအကြိမ် စုပေါင်းအာစရိယပူဇော်ပွဲသို့ အပူဇော်ခံဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အထက (၁)ကြည့်မြင်တိုင် ဖုန်း-၂၂၀၃၆၂၊ ဒေါ်စွမ် ဖုန်း-၂၂၃၃၂၅၊ ဒေါ်ခင်တီတီ ဖုန်း- ၅၁၂၆၆၇၊ ဒေါ်ကြူကြူမြင့် ဖုန်း- ၅၃၄၇၄၇ နှင့် ဒေါ်ဝင်းဝင်းမေ ဖုန်း- ၇၂၁၇၀၄၊ ဒေါ်အေးအေးသန်း ဖုန်း- ၅၂၄၄၀၅၊ ဒေါ်သန်းသန်းနိုင် ဖုန်း- ၇၂၂၂၃၄၊ ဒေါ်သီသီအေး ဖုန်း- ၅၀၂၁၅၈နှင့် ဒေါ်ညွန့်ညွန့်စိန် ဖုန်း-၆၅၀၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သဘာဝဘေးအန္တရာယ် ဖောင်ပိတ်သတင်း

ဘင်္ဂလားဒေ့ရှ်၌ဝင်ရောက်ခဲ့သောမုန်တိုင်းကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူများတိုးလာ

ဒါကာ အောက်တိုဘာ ၂၈

ဘင်္ဂလားဒေ့ရှ်ကမ်းခြေသို့ ဝင်ရောက်ခဲ့သော ရာရှ်မီဆိုင်ကလုန်းမုန်တိုင်းကြောင့် သေဆုံးသူအနည်းဆုံး ၁၅ဦးအထိ ရှိလာပြီး ၂၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

အဆိုပါမုန်တိုင်းသည် အောက်တိုဘာ ၂၇ ရက် ညနေပိုင်းက ဘင်္ဂလားပင်လယ်အော်တွင် အားပျော့သွားပြီး ကုန်းတွင်းပိုင်းသို့ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ကျေးရွာပေါင်းရာချီ၍ ရေလွှမ်းခံရကြောင်း၊ ထောင်ပေါင်းများစွာသော နေအိမ်များ ပြိုကျပျက်စီးသွားကြောင်း တာဝန်ရှိသူများကပြောကြားသည်။ (အောက်ပုံ)

သေဆုံး

ဒါကာမြို့တောင်ဘက် ၇၅ မိုင်ဝေးသော အီရာစီရယ်ခရိုင်သည် မုန်တိုင်းဒဏ်အခံရဆုံးဒေသဖြစ်ပြီး နေအိမ်များပြိုကျခဲ့ရာ အနည်းဆုံးလူသေအလောင်း၁၀လောင်းတွေ့ရှိခဲ့ကြောင်း၊ အခြားငါးဦးမှာ ခရိုင်ချင်းဆက်ဒေသဖြစ်သည့် ပါတူယာ ခါလီခရိုင်၌ ရေနစ်သေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောကြားသည်။

အင်ဒိုနီးရှားအရှေ့ပိုင်း၌ မိုးသည်းထန်ပြီးရေကြီး ပြည်သူများ ရေဘေးဒုက္ခကြုံတွေ့ရ

ဂျကာတာ အောက်တိုဘာ ၂၈

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ဂိုရွန်တာလိုပြည်နယ်၌ မိုးများအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် လူဦးရေ ၂၀၀၀ခန့် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဒုက္ခကြုံ

အဆိုပါ ရေကြီးမှုကြောင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းလာကြသူများသည် ယာယီအမိုးအကာများဖြင့် နေထိုင်လျက်ရှိပြီး ရေဘေးဒုက္ခများ ကြုံတွေ့နေကြရကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

ဝန်ကြီးဗိုလ်ချုပ်လှထွန်း ကျောက်ပန်းတောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် စီပေါက်ကန်ရွာ၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ပဲစင်းငုံစိုက်ခင်းနှင့် သောက်သုံးရေရရှိရေးအတွက် အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်းရှိ စက်ရေတွင်းပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပြီး ကျောက်ပန်းတောင်းမြို့နယ် နှစ်ကျုပ်ခဲ့ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိကာ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ကြက်မောက်တောင်ဆည်အတွင်း ရေစုဆောင်းထားရှိမှုအခြေအနေနှင့် စိုက်ခင်းများအတွင်း ရေပေးသွင်းမှု၊ ကျောက်ပန်းတောင်းမြို့နယ် မကျီးကိုင်းကျေးရွာနှင့် ကိုင်းကျေးရွာအုပ်စုတို့၌ ကြက်မောက်တောင်ဆည်ရေသောက်မိုးစပါး မျိုးသန့်စိုက်ပျိုးထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ဖြစ်ပေါ်နေသော ကုန်းတွင်းမုန်တိုင်းငယ် အရှေ့မြောက်ဘက်သို့ရွေ့လျားပြီး အားပျော့ပျက်ပြယ်

ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့၌ နေရာစိပ်စိပ်မိုးရွာနိုင်

ရန်ကုန် အောက်တိုဘာ ၂၈

အောက်တိုဘာ ၂၈ရက်က မြန်မာနိုင်ငံ၏မိုးလေဝသအခြေအနေကိုဖော်ပြရလျှင် ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ နေရာကျဲကျဲမိုးရွာခဲ့သည်။ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

အောက်တိုဘာ ၂၉ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ မိုးလေဝသ အခြေအနေကိုခန့်မှန်းရပါက ကယားပြည်နယ်တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အောက်တိုဘာ ၂၉ ရက် **(ယနေ့)**နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကုန်းတွင်းမုန်တိုင်းငယ်အားပျော့

မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပေါ်နေသော ကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားပျော့ပျက်ပြယ်သွားခဲ့ပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်သည်။

အောက်တိုဘာ၂၈ရက်က ရွာသွန်းခဲ့သောမိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

နေပြည်တော်(ရေဆင်း)	ဝဒသမ ၈၆လက်မ
နေပြည်တော်(တပ်ကုန်း)	ဝဒသမ ၂ဝလက်မ
မိုးကုတ်	၃ဒသမ ၃၉လက်မ
မောင်တော	၂ဒသမ ၆ဝလက်မ
မြစ်ကြီးနား	၂ဒသမ ၂၅လက်မ
ခန္တီး	၂ဒသမ ၁၃လက်မ
ကသာ	၁ဒသမ ၅၇လက်မ

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

အီရတ်နိုင်ငံ အယ်နာဒါမြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်၌ တစ်ရက်တည်း ဗုံးသုံးလုံးပေါက်ကွဲ အရပ်သားလေးဦးသေဆုံး၊ ၁၆ဦးဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ အောက်တိုဘာ ၂၇ရက်က ဗုံးသုံးလုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အရပ်သား လေးဦးသေဆုံးပြီး ၁၆ ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိ

ပထမဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့တော်အရှေ့ပိုင်း အယ်အမင်ဒေသ၌ ယင်းနေ့နံနက် စောစောပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ခရီးသည်တင်ယာဉ်တစ်စီးအနီး လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ အရပ်သားသုံးဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း အယ်အမင်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့အရှေ့ပိုင်း အယ်နာဒါမြို့၌လည်း ဒုတိယမြောက်ဗုံး ထပ်မံပေါက်ကွဲခဲ့ပြန်ရာ အရပ်သားငါးဦး ဒဏ်ရာရရှိခဲ့သည်။

ပျက်စီး

တတိယမြောက်ဗုံးမှာ ဘဂ္ဂဒက်မြို့လယ်၌ ပေါက်ကွဲခဲ့ရာ အရပ်သားတစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိ သွားခဲ့သည်။ အရပ်သားယာဉ်တစ်စီးအတွင်း ပေါက်ကွဲစေသည့် ပစ္စည်းများထည့်ကာ ချိန်ကိုက်ဖောက်ခွဲခဲ့ခြင်း ဖြစ်ကြောင်း ယင်းပေါက်ကွဲမှုကြောင့် အနီးအနားရှိကားများလည်း ပျက်စီးသွားခဲ့သည်။

ပို့ဆောင်

ဗုံးပေါက်ကွဲရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာခဲ့ပြီး ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံများသို့ အမြန်ဆုံး ပို့ဆောင်ပေးခဲ့ကြောင်း အဆွတ်အယ်-အီရတ်သတင်းဌာနက ဖော်ပြသည်။

(အင်တာနက်)

ပါကစ္စတန်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်မှု အမေရိကန်တို့ အရှိန်မြှင့် လုပ်ဆောင်လာ

ဝါဇီရစ္စတန် အောက်တိုဘာ ၂၈

အာဖဂန်နစ္စတန်နယ်စပ်အနီး တာလီဘန်များအသုံးပြုသည့် စခန်းတစ်ခုကို အောက်တိုဘာ ၂၇ရက်က အမေရိကန်တပ်များက လေကြောင်းမှဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လူ ၂၀ သေဆုံးသွားခဲ့သည်။

ပြောကြား

ယင်းတိုက်ခိုက်မှုသည် ပါကစ္စတန်နိုင်ငံ ဝါဇီရစ္စတန်ပြည်နယ်တောင်ပိုင်း၌ အောက်တိုဘာ ၂၇ရက် နံနက်ပိုင်းက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ထောက်လှမ်းရေးအရာရှိနှစ်ဦးက ပြောကြား သည်။

တိုက်ခိုက်

အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်ခဲ့သောနေအိမ်သည် တာလီဘန်တပ်မှူး၏ နောက်လိုက်များ မကြာခဏနေထိုင်ရာအိမ်ဖြစ်သည်။ သို့သော်လည်း သေဆုံးသူများသည် မည်သူ မည်ဝါဖြစ်သည်ကို အတိအကျ မသိရသေးဟု ဆိုသည်။

အဆက်မပြတ်ပြုလုပ်

ပါကစ္စတန်နယ်စပ်သို့ အမေရိကန်တို့ မကြာသေးသည့်လများက ဒုံးကျည်များဖြင့် အရှိန်မြှင့်တင် တိုက်ခိုက်လာသည်။ ပါကစ္စတန်အစိုးရက ယင်းကိစ္စအား ဆန့်ကျင်တားမြစ် နေသည့်ကြားမှ အမေရိကန်တို့က ပြောင်ပြောင်တင်းတင်း တိုက်ခိုက်မှုများ ပြုလုပ်လာသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသူတစ်ဦး ဆေးဝါးကုသမှုခံယူနေရသည်ကို အောက်တိုဘာ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဩစတြေးလျက လက်မခံသည့် အာဖဂန်ပြည်သူအချို့ အမိမြေပြန်ရောက်ပြီး တာလီဘန်တို့၏ သတ်ဖြတ်ခြင်းခံခဲ့ရ

ဆစ်ဒနီ အောက်တိုဘာ ၂၈

ခိုလှုံခွင့်တောင်းခြင်းကို ဩစတြေးလျဝန်ကြီးချုပ်က ပယ်ချလိုက်ပြီး နေရပ်ပြန်ပို့သဖြင့် တာလီဘန်တို့၏ သတ်ဖြတ်မှုခံရသူ အာဖဂန်နိုင်ငံသား ၂၀အထိရှိသည်ဆိုသောကိစ္စကို စုံစမ်းစစ်ဆေးရန် ဩစတြေးလျအစိုးရက အမိန့်ထုတ်ထားသည်။

ဝန်ကြီးချုပ်ဟောင်းဝပ်၏ ဩစတြေးလျအစိုးရက ပြည်ဝင်ခွင့်မပေးသူ အာဖဂန်နိုင်ငံသား ၄၀၀ရှိပြီး အချို့မှာ အသတ်ခံရ သည်ဟု သိရသည်။

ကြေညာ

လူမှုရေးသုတေသနအုပ်စု တစ်ခုဖြစ်သည့် အက်ဒမန်ရိုက်ဌာနက ခိုလှုံခွင့်တောင်းခံသူ ကိုးဦးသေဆုံးသည်ကို သက်သေ အထောက်အထားခိုင်လုံစွာ ရရှိကြောင်း ကြေညာသည်။

နေရပ်ပြန်

အာဖဂန်နစ္စတန် နိုင်ငံသားများအား နေရပ်ပြန်လွှတ်စေသည့် ယခင်ဩစတြေးလျ နိုင်ငံ၏ မူဝါဒကို နောက်ပိုင်းတွင် စွန့်လွှတ်လိုက်ပြီဟု ဆိုသည်။

ပုန်းအောင်းတိမ်းရှောင်

ပြန်လာသူများမှာ အဖမ်းမခံရစေရန် ပါကစ္စတန်နိုင်ငံဘက်သို့ ပုန်းအောင်းတိမ်း ရှောင်ကြသည်ဟုလည်း စုံစမ်းသိရှိရသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်ဒေသ၌ အိုးမဲ့အိမ်မဲ့ အခြေဆိုက်သူ ပိုမိုများပြားလာ

လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၂၈

စီးပွားရေးကျရိပ်ပိုဆိုးလာစဉ် လော့စ်အိန်ဂျလိစ်ဒေသတွင်းရှိ ရှေ့နေများ၊ လုပ်ငန်းရှင်များ၊ ဆေးကျောင်းသားများနှင့် အခြားသော ပညာတတ်များလည်း အိုးမဲ့အိမ်မဲ့ အခြေသို့ ဆိုက်ရောက်ကုန်ကြကြောင်း ဒေးလီးနယူးစ်သတင်းစာတွင် အောက်တိုဘာ ၂၆ရက်က ဖော်ပြသည်။

မေတ္တာရပ်ခံ

လွန်ခဲ့သည့် ၁၈လအတွင်း အကူအညီပေးရန် မေတ္တာရပ်ခံသူ ၆၆ ရာခိုင်နှုန်း တိုးလာပြီး ထက်ဝက်ခန့်မှာ လူလတ်တန်းစား များဖြစ်ကာ သူတို့ဘဝတွင် ပထမဆုံးအကြိမ် အိုးမဲ့အိမ်မဲ့အဖြစ်ကို ကြုံကြရခြင်း ဖြစ်သည် ဟုဆိုသည်။

အချိန်ကုန်လွန်

လော့စ်အိန်ဂျလိစ်မြို့၌ အိုးမဲ့အိမ်မဲ့ ဖြစ်သူ ၁၂ရာခိုင်နှုန်းသာလျှင် ညအချိန်၌ အမိုးအကာဖြင့် လုံခြုံစွာ ခိုနားအိပ်စက်ခွင့် ရကြသော်လည်း ကျန်အိုးမဲ့အိမ်မဲ့များမှာ လမ်းပေါ်၌ လည်းကောင်း၊ မော်တော်ကားထဲ၌လည်းကောင်း၊ ပန်းခြံအတွင်း၌လည်း ကောင်း၊ စွန့်ပစ်အဆောက်အအုံများအတွင်း၌လည်းကောင်း ညတာကိုဖြတ်သလို အချိန် ကုန်လွန်ကြရသည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အပျက်အစီး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက် အစီးများကို အောက်တိုဘာ ၂၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မိုဆူးလ်၌ ရဲတပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုများဖြစ်ပွား

မိုဆူးလ် အောက်တိုဘာ ၂၈

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ အောက်တိုဘာ ၂၇ရက်က ကင်းလှည့်စစ်ဆေးနေသည့် ရဲကားတစ်စီးကို သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်မှုနှင့်အတူ မိုဆူးလ်မြို့ မြောက်ပိုင်းရှိ အီရတ်ရဲအရာရှိတစ်ဦး၏ နေအိမ်ကိုလည်း ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ သည်။

ဒဏ်ရာရရှိ

မိုဆူးလ်မြို့အနီး အယ်ဆီဒီဒေသ၌ ကင်းလှည့်လာသည့်ရဲကားကို အမည်မသိ သေနတ်သမားများက မော်တာသေနတ်များ ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် နှစ်ဦး ဒဏ်ရာရရှိသွားခဲ့သည်။

ပျက်စီး

ထို့ပြင် မိုဆူးလ်မြို့ အယ်ရတ်ရှ် ဒီယာဒေသရှိ ရဲအရာရှိတစ်ဦး၏ နေအိမ် အနီး၌ ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွား ခဲ့ကြောင်း၊ ထိခိုက်သေဆုံးသူ တစ်ဦးတစ် ယောက်မျှ မရှိသော်လည်း ၄င်း၏ကားမှာ ပျက်စီးသွားခဲ့ကြောင်း အဆွတ်အယ်အီရတ် သတင်းဌာနက ဖော်ပြသည်။

အမာခံနယ်မြေ

မိုဆူးလ်မြို့မှာ အယ်လ်ခိုင်ဒါ အကြမ်း ဖက်သောင်းကျန်းသူများ၏ အမာခံနယ်မြေ ဖြစ်ပြီး အီရတ်တပ်ဖွဲ့ဝင်များနှင့် အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များ မကြာခဏ တိုက်ခိုက်မှုခံနေရသည့် မြို့လည်း ဖြစ်သည်။ **(အင်တာနက်)**

ပါကစ္စတန်နယ်စပ် အသေခံကားဗုံးခွဲတိုက်ခိုက်မှု နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်၁၀ဦး သေဆုံး

အစ္စလမ္မာဘတ် အောက်တိုဘာ ၂၈

ပါကစ္စတန်နိုင်ငံ လူမျိုးစုများနေထိုင်ရာ ဒေသအတွင်း၌ အောက်တိုဘာ ၂၆ရက် ညပိုင်းက အသေခံကားဗုံးခွဲမှုကြောင့် **(အပေါ်ပုံ)** အနည်းဆုံး နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် ၁၀ဦး သေဆုံးသွားကြောင်း နေးရှင်းသတင်းစာက အောက်တိုဘာ ၂၇ရက်တွင် ဖော်ပြသည်။

စုံစမ်းစစ်ဆေး

နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် ၁၅ဦးအနက် ၁၀ဦးမှာ ညစာစားနေစဉ် နာကိုင်းစစ်ဆေးရေးဂိတ်ကို အသေခံဗုံးခွဲသူက ဖောက်ခွဲရေး ပစ္စည်းအပြည့် တင်ဆောင်ထားသည့်ကားဖြင့် ဝင်တိုက်သည့်အတွက် ပေါက်ကွဲမှုဖြစ်ကာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် ၁၀ဦး ပွဲချင်းပြီး သေဆုံးရသည်။ ယင်းဖောက်ခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ မသင်္ကာသူအချို့ကို ဖမ်းဆီးကာ စုံစမ်းစစ်ဆေးနေသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကျောဖုံးမှ

ကျွမ်းကျွမ်းကျင်ကျင်လုပ်ကိုင်

“ဒီစက်ရုံအမည်ကတော့ စန္ဒာဝင်းနို့ဆီပေါင်းစက်ရုံလို့ အမည်ပေးထားပါတယ်။ ကျွန်မတို့က နို့ဆီချက်တာမဟုတ်ပါဘူး။ နို့ဆီပေါင်းတာပါ။ ဒီလုပ်ငန်းကို လုပ်ကိုင်ခဲ့တာ နှစ်ပေါင်း ၂၀လောက်ရှိပါပြီ။ ကျွန်မ အမျိုးသားက ငယ်စဉ်ကတည်းက နို့လုပ်ငန်းကို ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်ခဲ့တဲ့သူ တစ်ဦးဖြစ်လို့ လုပ်ငန်း အတွေ့အကြုံလည်း ရင့်ကျက်တဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့် ရေရှည်ရပ်တည်နိုင်တာပါ”ဟု ဒေါ်အေးမြင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

နို့ဆီချက်လုပ်မည့် နွားနို့များကို ဤသို့ သန့်စင်ပေးရသည်။

နို့ဆီပေါင်းလုပ်ငန်းသည် လုပ်ငန်းကျွမ်းကျင်မှု၊ ကုန်ကြမ်းရရှိမှုများရှိမှသာ ရေရှည်ဆောင်ရွက်နိုင်သော လုပ်ငန်းဖြစ်သည်။ နွားနို့ကုန်ကြမ်း ရရှိမှုနှင့်ပတ်သက်၍လည်း “နွားနို့ ကုန်ကြမ်းတွေကို ရယူတဲ့နေရာမှာ ကိုယ်တိုင်မွေးတဲ့ နွားမွေးခြံ၊ ကန်ကြီးဇုန် မွေးမြူရေးအသင်း၊ စူပါကောင်းကုမ္ပဏီက မွေးမြူထားတဲ့ နွားတွေက နွားနို့တွေရရှိတဲ့အပြင် အနီးပတ်ဝန်းကျင်မှာရှိတဲ့ ရွာပေါင်း၄၀လောက်ကရရှိတဲ့ နွားနို့တွေစုပေါင်းပြီး နို့ဆီပေါင်းတာ ဖြစ်ပါတယ်။ အများဆုံးရရှိတာကတော့ မေထုန်နွားတွေက နွားနို့တွေပဲ ဖြစ်ပါတယ်။ ဒီလိုနွားနို့တွေရရှိတဲ့နေရာမှာ မြန်မာနွားနို့က တစ်နေ့ပိဿာ ၂၀၀ လောက်ရပြီး မေထုန်နွားနို့ကတော့ တစ်နေ့ ပိဿာ ၃၀၀လောက် ရရှိပါတယ်” ဟု ဒေါ်အေးမြင့်က ဆက်လက်ရှင်းပြသည်။

စုဆောင်းသိမ်းဆည်း

အနီးဝန်းကျင်ကျေးရွာများမှ နွားနို့များကို စက်ဘီးများဖြင့် လိုက်လံသိမ်းဆည်းရသည်။ ထိုသို့ နွားနို့များလိုက်လံစုဆောင်း သိမ်းဆည်းရာတွင် ရေရောထားမှုရှိမရှိကို စစ်ဆေးသည့်ကိရိယာဖြင့် သေသေချာချာ စစ်ဆေးပြီးမှ လက်ခံရယူကြောင်း သိရသည်။ နေ့စဉ် နွားနို့ရရှိမှုမှာ ပုံမှန်မရှိချေ။ များသည့်အခါများပြီး နည်းသည့်အခါနည်းကြောင်း သိရသည်။

“နေ့စဉ် နွားနို့ရရှိမှုက မမှန်ဘူး၊ တချို့ မြန်မာနွားတွေက တစ်နေ့မှာ တစ်ကောင်ကို နွားနို့ ၂၅ ကျပ်သားလောက်ပဲ ရတာရှိတယ်။ ဒါကြောင့် ကိုယ်တိုင်နွားမွေးမြူပြီး နို့ထုတ်နေရတာပေါ့။ ကျွန်မတို့မွေးမြူရေးခြံက တစ်နေ့ နွားနို့ပိဿာ ၁၀၀လောက် ထွက်ရှိပါတယ်။ ဒါကြောင့် နေ့စဉ် နို့ဆီပေါင်းတဲ့အခါ ကုန်ကြမ်းလိုအပ်မှုကို အများကြီး အထောက်အကူ ပြုပေးနိုင်ပါတယ်” ဟုလည်း မြန်မာ့အလင်းသို့ ရှင်းပြသည်။

နွားနို့ပေါင်းသည့်နေရာရောက်ရှိသောအခါ စတီးလ်ပေါင်းအိုး၊ နွားနို့သန့်စင်အိုးနှင့် သကြားရည်ကျိုအိုးများကို တွေ့ရသည်။ ယင်းအိုးများတွင် နွားနို့များ စစ်ထည့်နေသူများ၊ သကြားရည်ဖျော်နေသူများနှင့် နို့ဆီပေါင်းအိုးပေါ်၌ ကြပ်မတ်စစ်ဆေးနေသူများကို မြင်ရသည်။

အပူပေး

“ဒီ စတီးလ်အိုးကြီးက နွားနို့တွေကို စစ်ပြီး သန့်စင်တဲ့အိုးပါ၊ သန့်စင်ပြီးသွားတဲ့နွားနို့တွေကို အပူပေးပြီး နွေးပေးရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နို့မပျက် (နို့မချဉ်)အောင်လို့ပါ။ အဲဒီလို နွေးပြီးသားနွားနို့တွေကို သကြားရည်တွေနဲ့ ရောစပ်ပြီး မွှေပေးရပါတယ်။ သကြားရည်ကျိုတဲ့နေရာမှာလည်း သကြားတွေ မကျိုခင်မှာ သကြားကို ကြေးချွတ်လိုက်ရပါတယ်။ ဒါမှ ကြည်လင်သန့်ရှင်းတဲ့ သကြားရည်ကို ရမှာပါ၊ အဲဒီလို နွားနို့နဲ့ သကြားရည်တွေကို

နွားနို့များ ရေရောထားမှုရှိမရှိ သိနိုင်ရန် ကိရိယာဖြင့် ဤသို့ စစ်ဆေးပေးရသည်။

သန့်စင်ပြီး နွားနို့ အပူပေး

စန္ဒာဝင်း နို့ဆီပေါင်း စက် ရုံ ၌ သန့်စင်ပြီးသွားသော နွားနို့ကို အပူပေးပြီး သ ကြား ရည် နှင့် ရောစပ်ပြီး ဤသို့ မွှေပေးရသည်။

အပေါ်မှာရှိတဲ့ နို့ဆီပေါင်းအိုးထဲကို ပိုက်နဲ့ တင်ပို့ပေးလိုက်ပြီး နို့ဆီရတဲ့အထိ အပူပေးပြီး ပေါင်းလိုက်တော့ နို့ဆီရလာပါတယ်” ဟု ဒေါ်အေးအေးမြင့်က ရှင်းပြသည်။

ပို့ဆောင်ဖြန့်ဖြူး

ပေါင်းအိုးအတွင်း နို့ဆီဖြစ်လာသောအခါ ပိုက်မှတစ်ဆင့် အောက်သို့ နို့ဆီများကို ချပေးလိုက်ရာ အောက်တွင်ရှိ စတီးလ်အိုးအတွင်း မော်တာတပ်ဆင်ထားသော ဒလက်ဖြင့် နို့ဆီသားကျေညက်အောင်နှင့် အေးသွားအောင် ပြုလုပ်ရသည်။ အေးသွားသည့် နို့ဆီများကို ၁၄ ပိဿာဝင် နို့ဆီပုံးများအတွင်း ထည့်ကာ ရန်ကုန်၊ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော် တပ်ကုန်းမြို့များသို့ ပို့ဆောင်ဖြန့်ဖြူးခြင်း ဖြစ်သည်။ နို့တစ်ပေါင်းလျှင် ၁၄ ပိဿာဝင် ပလတ်စတစ်နို့ပုံး ၅၀ခန့် ထွက်ရှိပြီး တစ်နေ့သုံးကြိမ်ပေါင်းလျှင် နို့ဆီပုံးပေါင်း ၁၅၀ခန့် ထွက်ရှိကြောင်း သိရသည်။

“နို့ဆီပေါင်းတဲ့ နေရာမှာ သကြားကြေးချွတ်တာ၊ နွားနို့နွေးတာနဲ့ ကျိုချက်တဲ့နေရာတွေမှာ ကျွန်မတို့က **စပါးခွံမီးဖိုကို အသုံးပြုတယ်။ စပါးခွံမီးဖိုက ထွက်လာတဲ့ အပူနဲ့ ရေကန်ကို အပူပေးတယ်။ အဲဒီ ရေကန်က ထွက်လာတဲ့ ရေနွေးငွေ့အားနဲ့ ကျွန်မတို့ရဲ့ လုပ်ငန်းထက်ဝက်ကို လည်ပတ်စေတာပါ။ အရင်က ထင်းသုံးတာထက်စာရင် ငွေကြေးကုန်ကျမှု ထက်ဝက်သက်သာပါတယ်”** ဟု ၎င်းကဆက်လက်ရှင်းပြသည်။

ပေါင်းအိုးအတွင်းမှ ကျလာသော နို့ဆီများကို အောက်တွင်ရှိသော စတီးလ်အိုးအတွင်း ဒလက်ဖြင့်မွှေ၍ အအေးခံခြင်းဖြင့် သန့်ရှင်းလတ်ဆတ်သော နို့ဆီကို ရရှိနိုင်ပေသည်။

အထောက်အကူပြု

ယခုနို့ဆီပေါင်းစက်ရုံမှ ရိုးရိုးနို့ဆီနှင့် စူပါအဆီပြည့်နို့ဆီများ ထုတ်လုပ်လျက်ရှိရာ အနီးဝန်းကျင်မှ လူများလည်း အလုပ်အကိုင်ရရှိစေပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသောလုပ်ငန်းတစ်ခုအဖြစ် ကွင်းဆင်းလေ့လာ ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ဒုတိယအကြိမ်မြောက် စာအုပ်စျေးရောင်းပွဲတော်

ရန်ကုန် အောက်တိုဘာ ၂၈

စာအုပ်များစျေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိစေရေး၊ စာဖတ်ပရိသတ်များ စျေးနှုန်းသက်သာစွာဖြင့် စာအုပ်များဝယ်ယူဖတ်ရှုနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် အမျိုးသမီးထုတ်ဝေသူများ၏ ဒုတိယအကြိမ်မြောက် စာအုပ်စျေးရောင်းပွဲတော်ကို အောက်တိုဘာ၃၁ရက်မှ နိုဝင်ဘာ၆ရက်အထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်း အမှတ် ၂၃၂ အင်းဝစာအုပ်တိုက် အပေါ်ထပ်၌ ကျင်းပမည်ဖြစ်သည်။

— — — —

တတိယအကြိမ် အာစရိယပူဇော်ပွဲ

နတ်တလင်းမြို့ ဗဟိုအမက၏ နှစ်(၅၀)ပြည့်ရွှေရတုသဘင်နှင့် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၇ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

— — — —

စက်မှု(၁) အထူးစျေးရောင်းပွဲတော်

ရေစကြိုမြို့ အမှတ်(၂)ရပ်ကွက် ပွဲတော်ကွင်းတွင် အောက်တိုဘာ ၁၇ ရက်က စက်မှု(၁)အထူးစျေးရောင်းပွဲတော်ကို ဖွင့်လှစ်ကျင်းပခဲ့သည်။

— — — —

ဝိဇ္ဇာ/သိပ္ပံပညာရှင်အဖွဲ့ စာတမ်းဖတ်ပွဲ

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့က ကြီးမှူးကျင်းပသော စာတမ်းဖတ်ပွဲတွင် ရန်ကုန်တက္ကသိုလ်မှ ဓာတုဗေဒ၊ သတ္တဗေဒနှင့် ရုက္ခဗေဒဌာနမှ ဆရာ ဆရာမများသည် ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းသင့်ဒေသတစ်ခုဖြစ်သော မော်လမြိုင်ကျွန်းဝန်းကျင်ရှိ လေဘေးသင့် ကျေးရွာများသို့သွားရောက်ခဲ့ပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဗက်တီးရီးယားပိုးမွှားပါဝင်သည့် အရေအတွက်ကို နှိမ်နင်းသော အကျိုးပြု ဗက်တီးရီးယားများနှင့် ပါဝင်ဖော်စပ်ထားသော နည်းပညာဖြင့် အချိန်မီပြန်လည်ကုစားပေးခဲ့သော သုတေသနလုပ်ဆောင်မှုစာတမ်းဖတ်ပွဲကို အောက်တိုဘာ ၂၅ ရက်က ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန၌ ကျင်းပရာ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာသဇင်လွင်က ဆွေးနွေးတင်ပြခဲ့သည်။

— — — —

ဆရာများနေ့ မြတ်ဆရာပူဇော်ပွဲကျင်းပ

ပညာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၂၀၀၈ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၅ရက် နံနက် ၉ နာရီက စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပခဲ့ရာ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက မြတ်ဆရာပူဇော်ပွဲ ကျင်းပရခြင်း တင်ပြလွှာကို ဖတ်ကြားတင်ပြပြီး ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ခဲ့ကြသည်။

— — — —

ပြေးခုန်ပစ်နည်းပြသင်တန်းဖွင့်

အားကစားဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အဆင့်(၁)လူငယ်ပြေးခုန်ပစ်နည်းပြသင်တန်းဖွင့်ပွဲကို အောက်တိုဘာ၂၅ရက် နံနက်၈နာရီက ရန်ကုန်မြို့ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ Goal Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကား ပြောကြားခဲ့သည်။

— — — —

ပြည်ထဲရေးဝန်ကြီးဌာန ဘော်လီဘောပြိုင်ပွဲ

ပြည်ထဲရေးဝန်ကြီးဌာန (၁၂)ကြိမ်မြောက် ဝန်ကြီးတံခွန်စိုက်ဒိုင်း ဘော်လီဘော ပြိုင်ပွဲကို နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ အောက်တိုဘာ၂၂ရက်မှ ၂၆ရက်အထိ ကျင်းပခဲ့ပြီး ပထမရရှိသည့် အကျဉ်းဦးစီးဌာန (အမျိုးသားအသင်း)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီးအသင်း) တို့အား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

— — — —

ဗိုလ်ချုပ်စျေး စျေးပွဲတော်ကျင်းပမည်

Smart Business Group က ကြီးမှူး၍ ပွင့်လင်းရာသီ ဗိုလ်ချုပ်အောင်ဆန်းစျေး စျေးပွဲတော်ကြီးကို အောက်တိုဘာ၃၀ရက်မှ နိုဝင်ဘာ၃ရက်အထိ ကျင်းပမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-အထက်မင်းလှညွှန့်အောင်

အာရှပတ်လည် မြားပစ်ပြိုင်ပွဲ မြန်မာနိုင်ငံမှ မအောင်ငိုမ်း ရွှေတံဆိပ်ဆွတ်ခူး

ရန်ကုန် အောက်တိုဘာ ၂၈

ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ အောက်တိုဘာ၂၅ရက်မှ ၃၀ရက်အထိ ကျင်းပသည့် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲ **Compound** တစ်ဦးချင်း ရှုံး၊ထွက် ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ မအောင်ငိုမ်းက ရွှေတံဆိပ်တစ်ခုနှင့် တစ်ဦးချင်းမီတာ ၇၀ မြား ၇၂ ချောင်း အမှတ်ပေးပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိသွားသည်။

အဆိုပါ ပြိုင်ပွဲတွင် ကိုရီးယား၊ တရုတ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဘူတန်၊ ဟောင်ကောင်၊ ထိုင်း၊ မွန်ဂိုလီးယား၊ ဆော်ဒီအာရေဗျ၊ ကာတာနှင့် ဗီယက်နမ်နိုင်ငံတို့မှ အမျိုးသား၊ အမျိုးသမီး အားကစားသမား ၁၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စီမံကိန်းရည်မှန်းချက်များ အချိန်မီပြီးစီးရေး စနစ်တကျဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် အောက်တိုဘာ၂၆ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ကျောက်တံတားမြို့နယ် ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ စီမံကိန်းရည်မှန်းချက်တာဝန်များ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြရေးမှာကြားကာ မှတ်တမ်းခန်းအတွင်း ဖိုင်တွဲ စာရင်းဇယားမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်သူ့အင်အား ဦးစီးဌာန ကွန်ပျူတာခန်းအတွင်း လူဦးရေစစ်တမ်းကောက်ယူမှု၊ စာရင်းဇယားမှတ်တမ်းစာအုပ်များ ခင်းကျင်းပြသထားမှု၊ ပြည်နယ်နှင့် တိုင်းများ၏ သတ်မှတ်မြို့နယ်များတွင် လူဦးရေစစ်တမ်းကောက်ယူမှုအား ကွန်ပျူတာဖြင့် ဖြည့်သွင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဌာနခွဲ၌ မှတ်တမ်းခန်းများအတွင်း ပြည်နယ်နှင့်တိုင်းများအလိုက် နိုင်ငံသား စိစစ်ရေးလုပ်ငန်းဆိုင်ရာ မှတ်တမ်းဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
ရန်ကုန်-ပုသိမ်ကားလမ်းပြုပြင်မှု ကြည့်ရှုစစ်ဆေး
လမ်းအပိုင်းအလိုက် နေ့စဉ်စစ်ဆေးပြုပြင်သွားရန်မှာကြား

ရန်ကုန် အောက်တိုဘာ ၂၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယမန်နေ့ နံနက် ၇နာရီတွင် ရန်ကုန်မြို့မှ ရန်ကုန်-ပုသိမ်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ပုသိမ်မြို့သို့ထွက်ခွာခဲ့ကြရာ ရှေးဦးစွာ ဝန်ကြီးချုပ်သည် လမ်းခရီး၌ ခရီးသည်တင်နှင့် ကုန်တင်ယာဉ်ကြီး/ယာဉ်ငယ်များသွားလာမှု၊ စက်ယန္တရားများဖြင့် လမ်းပြုပြင်နေမှု၊ လမ်းပြုပြင်ရန်အတွက် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှု အခြေအနေများကို ကြည့်ရှုသည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ်(၂၂/၆)သို့ ရောက်ရှိကြပြီး အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က လမ်းသားမြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးစိုးမြင့်သိန်းက ရှင်းလင်းတင်ပြသည်။

အမြန်ပြုပြင်

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၄၆)သို့ ရောက်ရှိကြပြီး မိုင်တိုင် (၄၆/၀)နှင့် (၄၆/၂)အကြား လမ်းပေါက်များအား ကျောက်ဖြည့် သဲခင်းခြင်း၊ စက်ယန္တရားများဖြင့် လမ်းကြိတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းများတွင် ရေမဝပ်နေစေရေးအတွက် ရေဆင်းမြောင်းများဖောက်လုပ်ပေးရန်၊ ယာဉ်များ ချောမွေ့စွာသွားလာနိုင်ရေးအတွက် လမ်းပေါက်များကို ကျောက်ဖြည့်သဲဖို့ခင်းရန် လမ်းအပိုင်းအလိုက် တာဝန်ပေးပြီး နေ့စဉ်စစ်ဆေး၍ ပျက်စီးမှုများကို အမြန်ပြုပြင်သွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပုသိမ်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

(သတင်းစဉ်)

မြန်မာ-ဘရာဇီး ရန်ပုံငွေဘောလုံးပွဲ ဒုတိယပွဲစဉ် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြင့် အဆုံးသတ်ခဲ့

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်　　စာမျက်နှာဖွဲ့စည်းမှု-မြင့်စိုး(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာ-ဘရာဇီး ရန်ပုံငွေ ဘောလုံးပွဲ ဒုတိယပွဲစဉ်ကို ယနေ့ ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းတွင် ဆက်လက်ကျင်းပရာ မြန်မာအသင်းနှင့် ဘရာဇီးအသင်းတို့ တစ်ဖက်တစ်ဂိုးစီနဲ့ သရေပွဲဖြစ်သွားပါတယ်။

ပွဲမစမီမှာ နှစ်ဖက်ဘောလုံးအသင်းအား လှပျိုဖြူများက ပန်းစည်းဆက်ကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က လိုက်လံနှုတ်ဆက်ကြပါတယ်။ အဲဒီနောက် လေဘေးသင့်ပြီး ကွယ်လွန်ခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ကြပါတယ်။

မြန်မာအသင်း ၁-၁ ဘရာဇီးအသင်း

ပထမပွဲမှာဘရာဇီးကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ မြန်မာအသင်းဟာ အခုပွဲမှာ ဇော်ထိုက်ရဲ့ ချေပဂိုးနဲ့ သရေပွဲရရှိခဲ့ပါတယ်။ ဘရာဇီးအသင်းမှာ ပေါ်လိုဆာဂျီယို၊ ဂျီယိုဗန်နီ၊ ဆယ်မီယို အစရှိတဲ့ အမာခံကစားသမားတွေနဲ့ပဲ ပွဲထွက်ခဲ့ပြီး မြန်မာအသင်းကတော့ ပွဲအစမှာ လက်ရွေးစင်ဟောင်းအများစုကို ပွဲထုတ်ခဲ့ပေမယ့် နောက်ပိုင်းမှာ လက်ရှိလက်ရွေးစင် ကစားသမားများကို ထည့်သွင်းကစားခဲ့တာကြောင့် ကစားပုံပိုကောင်းပြီး သရေရခဲ့တာပဲဖြစ်ပါတယ်။

အင်တိုက်အားတိုက်

ပထမပွဲယှဉ်ပြိုင်ခဲ့တဲ့ ဘရာဇီးအသင်းနဲ့ မြန်မာအသင်းတို့ရဲ့ ခြေစွမ်းတွေကြောင့် ယခုပွဲမှာ ပရိသတ်အားပေးမှုများပြားခဲ့ပါတယ်။ အထူးတန်းနဲ့ အရှေ့ဘက်ပွဲကြည့်စင် ပြည့်လုနီးပါးအထိဖြစ်ခဲ့ရပါတယ်။ ရန်ပုံငွေပွဲဖြစ်ပေမယ့် နှစ်သင်းစလုံးဟာ အင်တိုက်အားတိုက်နဲ့ ကြိုးစားကစားခဲ့ကြပါတယ်။ မြန်မာအသင်းဟာ ပွဲထွက်စာရင်းမှာ လက်ရွေးစင်ဟောင်းတွေဖြစ်တဲ့ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ တင်မြင့်အောင်၊ မိုးကျော်သူ၊ စန်းမောင်၊ မောင်မောင်ကြီး၊ ဇော်ထိုက်၊ တင်မောင်သိန်း(ဂိုး)၊ ကျော်မင်းနဲ့ တင့်ဇော်တို့ ပါဝင်ခဲ့ပြီး အေးဆန်းတစ်ဦးတည်းသာ လက်ရှိ လက်ရွေးစင်အဖြစ် ပါဝင်ခဲ့ပါတယ်။ ပွဲအစပိုင်းမှာ လက်ရွေးစင်ဟောင်းအများစုပါဝင်နေတာကြောင့် မြန်မာအသင်းကစားပုံဟာ လေးနေပြီး ဘရာဇီးအသင်းက ပိုဖိနိုင်ခဲ့ပါတယ်။

ဘရာဇီးအသင်းရဲ့ တိုက်စစ်ဟာ ဘယ်ခြမ်းကိုအားပြုခဲ့ပြီး ပေါ်လိုဆာဂျီယိုနဲ့ ဆယ်မီယိုတို့ရဲ့ တွဲလုံးတွေနဲ့လည်း ဂိုးရဖို့ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် မြန်မာအသင်းဟာ နောက်တန်းမှာ တင့်ဇော်၊ မိုးကျော်သူ၊ အေးဆန်းတို့ အထိုင်ကစားပြီး ဖျက်ထုတ်နေကြသလို ဂိုးသမား တင်မောင်သိန်းကလည်း သေချာပေါက်ဂိုးအချို့ကို လက်စွမ်းပြ ကာကွယ်နိုင်ခဲ့ပါတယ်။ ၁၁မိနစ်မှာ ဘယ်ခြမ်းက ဆန်းတို့စ်အိုလီဗီရာ ဖြတ်ပို့တဲ့ဘောလုံးကို အသင်းခေါင်းဆောင် ပေါ်လိုဆာဂျီယိုခေါင်းတိုက်သွင်းပေမယ့် တင်မောင်သိန်း ကာကွယ်နိုင်ခဲ့ပါတယ်။ မြန်မာအသင်းဟာ တိုက်စစ်မှာ မျိုးလှိုင်ဝင်းက ဦးဆောင်ပြီး ကွင်းလယ်က တင်မြင့်အောင်နဲ့ သန်းတိုးအောင်တို့ရဲ့ ဘောလုံးအဖြန့်တွေနဲ့ တိုက်စစ်ကို ပုံဖော်ပေမယ့် ရှေ့တန်းမှာ အချိတ်အဆက်တွေ လွဲနေလို့ ထင်သလောက်အလုပ်မဖြစ်ခဲ့ပါဘူး။ ပထမနေ့ပွဲက ခြေစွမ်းပြသွားတဲ့ မျိုးလှိုင်ဝင်းကိုလည်း ဘရာဇီးနောက်တန်းက မလွတ်တမ်းကပ်ထားလို့ တိုက်စစ်ဟာ အားပျော့နေခဲ့ပါတယ်။ ၃၃မိနစ်မှာတော့ ဘရာဇီးအသင်း ဂိုးစတင်ရရှိသွားပြီး အသင်းခေါင်းဆောင် ပေါ်လိုဆာဂျီယိုက မြန်မာနောက်ခံလူနှစ်ဦးကြားကနေ သွင်းယူခဲ့တာပါ။

၂၅မိနစ်နောက်ပိုင်းမှာတော့ မြန်မာအသင်းဟာ ကျော်မင်း၊ မောင်မောင်ကြီး၊ သန်းတိုးအောင်၊ တင်မြင့်အောင်တို့နေရာမှာ အောင်မျိုးသန့်၊ ခင်မောင်လွင်၊ ဟန်ဝင်းအောင်၊ စိုးမြတ်မင်းတို့ကို ထည့်ပြီး တိုက်စစ်အားမြှင့်ခဲ့ပါတယ်။ ဒုတိယပိုင်းအစမှာ စန်းမောင်အစား မျိုးမင်းထွန်းဝင်လာလို့ မြန်မာအသင်းတိုက်စစ်ပိုကောင်းလာပြီး ဘရာဇီးဂိုးပေါက်ကို ခြိမ်းခြောက်လာနိုင်ပါတယ်။ ၅၅မိနစ်မှာ မျိုးမင်းထွန်းအဝေးက ကန်သွင်းမှုကို ဘရာဇီးဂိုးသမားဖေဘီယို နှစ်ဆင့်ဖမ်းလိုက်ရပါတယ်။

ဖိကစား

အဲဒီနောက်ပိုင်းမှာ မြန်မာအသင်းဟာ ရှေ့၊လယ်၊နောက် ကစားအားမျှလာပြီး ဘရာဇီးတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သလို တိုက်စစ်ကိုလည်း ပုံဖော်နိုင်ခဲ့ကြပါတယ်။ ၅၈မိနစ်မှာ စိုးမြတ်မင်း အပိုင်ကန်သွင်းခွင့်ရပေမယ့် ထိချက်မမှန်လို့ ဂိုးသမားဖေဘီယို ကာကွယ်နိုင်ခဲ့ပါတယ်။ ဆက်တိုက်ဆိုသလို ဖိကစားလာတဲ့မြန်မာအသင်းဟာ ၆၆မိနစ်မှာ ချေပဂိုးပြန်ရခဲ့ပါတယ်။ အဲဒီဂိုးကိုတော့ လက်ရွေးစင်ဟောင်း ဇော်ထိုက်က အောင်မျိုးသန့် ဖန်တီးပေးရာမှတစ်ဆင့် မနားတမ်းကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ သရေကျပြီး နောက်ပိုင်းမှာ မြန်မာအသင်းကတောင် အနိုင်ရနိုင်တဲ့ အခွင့်အရေးတွေ ရရှိခဲ့ပါတယ်။ မိနစ်၇၀မှာ ညာခြမ်းက ဟန်ဝင်းအောင်ဖြတ်ပို့တဲ့ ဘောလုံးကို စိုးမြတ်မင်းခေါင်းတိုက်သွင်းရာ တိုင်ထိထွက်သွားခဲ့သလို ၇၈မိနစ်မှာ စိုးမြတ်မင်း တစ်ကိုယ်တော်ဆွဲပြေးပြီး မနားတမ်းကန်သွင်းမှုကလည်း ဘေးထွက်သွားခဲ့လို့ သရေနဲ့အဆုံးသတ်ခဲ့တာ ဖြစ်ပါတယ်။

ကျေးဇူးတင်

ပွဲအပြီးမှာ ဘရာဇီးအသင်းခေါင်းဆောင် ပေါ်လိုဆာဂျီယိုက မြန်မာဘောလုံးပရိသတ်တွေကို ကျေးဇူးတင်စကား ပြောကြားခဲ့ပါတယ်။ ဆာဂျီယိုက"ရန်ပုံငွေဖြစ်မြောက်ရန် စီစဉ်သူများ၊ ဘောလုံးအဖွဲ့ချုပ်က တာဝန်ရှိသူတွေနဲ့ မြန်မာပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်။ လေဘေးသင့်သူတွေကို ကူညီရလို့လည်း ကျေနပ်ပါတယ်။ မြန်မာ-ဘရာဇီးနှစ်နိုင်ငံဟာ မိသားစုတွေဖြစ်သွားပါပြီ။ ဒါကြောင့် ဘရာဇီးနိုင်ငံကို ရောက်လျှင် ကျွန်တော်တို့ရဲ့အိမ်ကို လာလည်ဖို့ဖိတ်ပါတယ်"ဟု ပြောကြားခဲ့ပါတယ်။

မြန်မာအသင်းမှာ **ဂိုး**-တင်မောင်သိန်း၊ **နောက်တန်း**-ကျော်မင်း(ဟန်ဝင်းအောင်)၊ တင့်ဇော်၊ မိုးကျော်သူ၊ အေးဆန်း၊ မောင်မောင်ကြီး(ခင်မောင်လွင်)၊ **အလယ်တန်း**-တင်မြင့်အောင်(စိုးမြတ်မင်း)၊ စန်းမောင်(မျိုးမင်းထွန်း)၊ သန်းတိုးအောင် (အောင်မျိုးသန့်)၊ **ရှေ့တန်း**မှာ မျိုးလှိုင်ဝင်းနဲ့ ဇော်ထိုက်(ရန်ပိုင်)တို့ ပါဝင်ကစားခဲ့ကြပါတယ်။

ပွဲမစခင်နဲ့ ပထမပိုင်းအပြီးမှာ နာမည်ကြီးအဆိုတော်များနှင့် ရုပ်ရှင်သရုပ်ဆောင်များက တေးသံသာများဖြင့် ဖျော်ဖြေခဲ့ကြပါတယ်။ လေဘေးသင့် ပြည်သူများအတွက်ကစားတဲ့ မြန်မာ-ဘရာဇီး ရန်ပုံငွေပွဲဟာ အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်ပြီး ကမ္ဘာ့ဘောလုံးအင်အားကြီး ဘရာဇီးနိုင်ငံမှ ဘောလုံးသမားများမှာလည်း မြန်မာဘောလုံးပရိသတ်များ၏ မေတ္တာကိုခံယူသွားခဲ့ရင်း····။ ။ **(မြန်မာ့အလင်း)**

လေဘေးရန်ပုံငွေပွဲမကစားမီ မြန်မာအသင်းနှင့် ဘရာဇီးအသင်းတို့ အောင်ဆန်းကွင်းအတွင်းနေရာယူထားကြစဉ်။



အမ်း-ပဒဲကျော-မအီလမ်းတစ်လျှောက် စက်ယန္တရားများဖြင့် လမ်းများချဲ့ထွင်မှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၈

ရခိုင်ပြည်နယ် အမ်းမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးလိုက်ပါလျက် အောက်တိုဘာ၂၃ရက် နံနက်ပိုင်းက အမ်း-ပဒဲကျော-မအီလမ်းတစ်လျှောက်၌ ရေနုတ်မြောင်းများ တူးဖော်ထားရှိမှု၊ စက်ယန္တရားကြီးများဖြင့် လမ်းများချဲ့ထွင် ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း(အပေါ်ပုံ**)၊ မအီ-ကျောက်ဖြူလမ်းတစ်လျှောက်၌ လမ်းပိုင်းအခြေအနေများနှင့်တံတားများ ပြုပြင်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ ပိန္နဲတောင်စခန်းသို့ ရောက်ရှိသည်။**

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် မိုင်တိုင်အမှတ်(၇၀/၀) အနီး၌ ကျောက်ထပ်ပိုးလွှာတင် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဝန်ဖိုက်တံတား ကြွခိုင်မှု အခြေအနေနှင့် ကမ်းစပ်ဒီရေတောများ ကာကွယ်ထိန်းသိမ်းထားရှိမှု အခြေအနေများကို လည်းကောင်း၊ သံသမကြီးတံတား၏ လမ်းဘေးဝဲယာရှိ စပါးခင်းများ၊ လမ်းတံတား အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြင်ဝန်းစခန်းသို့ ရောက်ရှိသည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် တောင်ကုတ်-မအီလမ်းရှိ လမူးတံတားသို့ ရောက်ရှိပြီး တောင်ကုတ်မြို့နယ် ကင်းထောက်ကျေးရွာအုပ်စုရှိ တောင်သူဦးတင်နု၏ ရွှေမြန်မာစပါးငါးဧက စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် တောင်ကုတ်တပ်နယ်အတွင်းရှိ စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ထောက်ပံ့ပစ္စည်းများကိုပေးအပ်ပြီး သံတွဲမြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးအားကစားအဖွဲ့ ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ကျိုင်းတုံ အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား ကာယအလှမယ်ပြိုင်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ရက် ည ၇နာရီက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်အားပေး

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက်နာယကနှင့် ပြည်နယ်အမျိုးသမီး အားကစားအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်နီနီဝင်းတို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ယှဉ်ပြိုင်

အစီအစဉ်အရ ကျိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းဖြတ်၊ တာချီလိတ်ခရိုင်နှင့် ကျိုင်းတုံမြို့ပေါ်တက္ကသိုလ်များမှ ပြိုင်ပွဲဝင် ကာယအလှမယ် ၂၂ဦးတို့က စင်မြင့်ထက်တွင် နေရာယူပြီး ပြိုင်ပွဲကို အစီအစဉ်အတိုင်း ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်

ယှဉ်ပြိုင်မှုများအပြီးတွင် နှစ်သိမ့်ဆုရရှိကြသည့် ကာယအလှမယ် ၁၂ဦးအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာသိမ်းနှင့် ပြည်နယ် အမျိုးသမီး အားကစားအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းနွဲ့တို့က ဂုဏ်ပြုဆုနှင့် ငွေသားဆုများကို ချီးမြှင့်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက်နာယကနှင့် ပြည်နယ်အမျိုးသမီးအားကစားအဖွဲ့နာယက တိုင်းမှူး၏ဇနီးဒေါ်နီနီဝင်းက ကာယအလှမယ်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် မိုင်းဖြတ်ခရိုင်မှ နန်းဆီထောင်း၊ ဒုတိယဆုရရှိသည့် တာချီလိတ်ခရိုင်မှ W ခေါ်နင်တို့အား ဂုဏ်ပြုဆုနှင့် ငွေသားဆုများကို ချီးမြှင့်ပေးအပ်ပြီး ပထမဆုရရှိသော ကျိုင်းတုံခရိုင်မှ Mခေါ်နံ့ဂျာအား သရဖူ၊ စလွယ်၊ ငွေကန်၊ ဂုဏ်ပြုဆုနှင့် ငွေသားဆုများကို ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရေဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် အောက်တိုဘာ ၂၈

ရေဦးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၁ ရက် (စနေနေ့)နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ မိုးညှင်းဝိပဿနာ ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ရေဦးမြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဗိုလ်မှူးကြီးကြည်မောင် (ငြိမ်း) ဖုန်း-၅၃၅၀၁၄၊ ဦးကိုကိုကြီး ဖုန်း-၅၀၁၇၁၁၊ ဦးသန်းနွဲ့ ဖုန်း-၆၆၁၇၂၆၊ ဦးဘအုပ် ဖုန်း-၇၀၃၃၄၁၊ ဦးခင်မောင်ဌေး ဖုန်း-၀၉-၅၀-၀၅၁၁၂၊ ဦးကံကြီးမောင် ဖုန်း- ၂၉၇၉၁၆ တို့သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ပြည်သူများရေဖူလုံရေး မူဆယ်မြို့၌ဆောင်ရွက်

မူဆယ် အောက်တိုဘာ ၂၈

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ရေစုကန်သို့ အဝင်ရေပိုက်လိုင်းများမှ ရှစ်လက်မ သံပိုက်များအစား ၁၂ လက်မ ကွန်ကရစ်ပိုက်များဖြင့် အစားထိုးဆောင်ရွက်ခြင်းလုပ်ငန်းကို အဖွဲ့ပိုင်ယန္တရားများဖြင့် ဆောင်ရွက်နေမှုအား အောက်တိုဘာ ၁၆ရက်က လက်ထောက် အင်ဂျင်နီယာ ဦးတင်မောင်စိုး ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ICT Development အထောက်အကူပြု သင်တန်းဆင်းပွဲ အမှတ်(၃)အခြေခံပညာ၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် Soft Guide Company Ltd.တို့ ပူးပေါင်း၍ ICT Development အထောက်အကူပြု သင်တန်း အမှတ်စဉ် (၁/၂၀၀၈)ကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ကွန်ပျူတာခန်းမ၌ အောက်တိုဘာ ၂၁ရက်မှ ၂၆ရက်အထိကျင်းပခဲ့ရာ ဆရာ ဆရာမ၁၀၀ခန့်တက်ရောက်သည်။ ယင်းသင်တန်းတွင် e-Government ရှေ့ပြေးလုပ်ငန်းစဉ်များနှင့် School Projects, web page တည်ဆောက်ခြင်းအကြောင်းအရာများကို သင်ကြားပို့ချခဲ့သည်။

ချီးမြှင့်

သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၆ ရက်က ကျင်းပရာ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ(**အောက်ပုံ**)၊ Soft Guide Company Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်သန်းညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ဆုရရှိသူများနှင့် သင်တန်းသား သင်တန်းသူများအား ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **(အခြေခံပညာ)**

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက္ကသိုလ်၊ ကောလိပ်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၈

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အောက်တိုဘာ ၂၅ရက်က မိတ္ထီလာတက္ကသိုလ်ရှိ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများနှင့် တွေ့ဆုံသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် မိတ္ထီလာပညာရေးကောလိပ်၌ ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးနှေ့ အထိမ်းအမှတ် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဝန်ကြီးသည် မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့သို့ သွားရောက်၍ သက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများနှင့် တွေ့ဆုံသည်။

ဝန်ကြီးသည် အောက်တိုဘာ ၂၆ရက်က မန္တလေးတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့သို့ သွားရောက်၍ သက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ပါမောက္ခနှင့် ဌာနမှူးများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်း(**အပေါ်ပုံ**)သည် အောက်တိုဘာ ၂၄ရက် မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်း တိုင်းဦးစီးမှူး ဦးမြင့်နှင့်အတူ ဒေါပုံမြို့နယ်ရုံးသို့ရောက်ရှိပြီး တိုင်းအတွင်းရှိ ခရိုင်ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးမှူးများနှင့်တွေ့ဆုံကာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်နိုင်ရေး၊ ၂၀၀၈-၂၀၀၉ခုနှစ် လုပ်ငန်းတာဝန်(၁၁)ရပ် အောင်မြင်အောင် ဆောင်ရွက်ရေး၊ ဝန်ထမ်းများစည်းလုံးညီညွတ်စွာ တာဝန်ထမ်းရေးတို့ကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၈

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်(၄၉)တွင် ကားလောကမှ အလဲအထပ်လိမ်ဆင်များ၊ ထိုင်းဒုတိယဝန်ကြီးချုပ်ချာဗာလစ်ယောင်ချိုင်ယုကို နှစ်ကြိမ်တိုင်တိုင်ဟောပြောခဲ့သည့် ဆရာကိုင်ရိုလေး၊ မြန်မာ့အောင်ဘာလေထီ (၅)ကြိမ်မြောက် ဈေးနှုန်းပြောင်းလဲသတ်မှတ်၊ ဗေဒင်ဆရာလောကမှ ရိုက်စားများ၊ ကမ္ဘာ့စံချိန်မီ ဂျာမန်ဝိုင်အရက်ထုတ်လုပ်၊ ကလေးဝအနီးစားသွားကျောက်ဒေသ၌ ကျောက်မီးသွေးထုတ်လုပ်မည်၊ ပုဇွန်တောင်မြို့နယ်တွင် ရှမ်းစတားဂျစ်ကားပေါ်မှ ငွေ ၂၆သိန်းကျော် ခိုးယူမှုဖြစ်ပွား၊ ပါမောက္ခ ဒေါက်တာမြသိန်းဟန်၏ သိကောင်းစရာအရိုးကင်ဆာ၊ ရိုးမတောဆင်ရိုင်းများ ဗီဒီယိုအဖြစ် မှတ်တမ်းတင်မည်၊ ဒေါက်တာဦးစိုးလွင်၏ တန်ခိုးရှိမှ အောင်မြင်မှာ၊ တိုက်ကြီး-ရန်ကုန်ယာဉ်လိုင်းပေါက်ကွဲမှုမှာ သေဆုံးသူများလျော်ကြေးငွေပေးမည်၊ အဆိုတော်အိတိုး၊ အဆိုတော်ဟဲလေးတို့၏ မင်္ဂလာဆွေ့ခံပွဲများ၊ သူ့ကျွန်မခံပြီ ရုပ်ရှင်ကား ဘာလီနိုင်ငံတကာဆုရရှိခဲ့၊ တောင်ငူတွင်သိန်းရာကျော်တန်ကားစီးရေ ၁၀၀ လေလံတင်ရောင်းချ၊ ပြည်တွင်းဆန်ဖူလုံ၍ ပြည်ပသို့ တန်ချိန်တစ်သောင်းတင်ပို့မည်၊ မြို့တော်အခမ့်ဆေးခန်းတွင် အတွင်းလူနာပေါင်း ၆၈၀ ကျော်ခွဲစိတ်ကုသပေးခဲ့၊ မဟာမဲခေါင်ဒေသနိုင်ငံများ ကမ္ဘာလှည့်များကို ဆွဲဆောင်နိုင်ရန်ကြိုးပမ်း၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် မြို့ကြီးများစွာ ရေလွှမ်းမိုးနိုင်၊ သူလျှိုခိုများနှင့် ရှဥ့်များ အိရန်တွင်ဖမ်းဆီးရမိ၊ အမေရိကန်က အီရန်စစ်ပွဲကို စတင်နိုင်သော်လည်း အဆုံးသတ်နိုင်မည်မဟုတ်၊ မက်ကိန်းသမ္မတဖြစ်ရန် အယ်လ်ဒါထောက်ခံ၊ အိုဘားမားကို ရုရှားတို့က နတ်ဆိုးအသေးစားဟု ရှုမြင်၊ ဆိုမာလီပင်လယ်ပြင်တွင် ဓားပြများကို ရုရှားတိုက်ခိုက်၊ ထိုင်းဝန်ကြီးချုပ်သက်ဆင်အား ထောင်နှစ်နှစ်ချမှတ်၊ မြန်မာ့စစ်မြေပြင်တွင် အတူတိုက်ပွဲဝင်ခဲ့သူနှစ်ဦး ၆၃နှစ်ကြာပြီးမှပြန်ဆုံကြ စသည့်နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများကို ရှားပါးဓာတ်ပုံများနှင့်အတူ ယနေ့ဖြန့်ချိထားသည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့နံနက်တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်းသိရသည်။

(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ မြဗရာအစည်းအဝေးခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ လူဦးရေအများစုသည် ကျေးလက်နေပြည်သူများဖြစ် ကျေးလက်ပြည်သူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်ပေးခဲ့

ရန်ကုန် အောက်တိုဘာ ၂၈

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့ မွန်းလွဲ ၂နာရီခွဲတွင် ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ မြဗရာအစည်းအဝေးခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ရှေးဦးစွာ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကို ပြောကြားလိုကြောင်း။

ပျက်စီးခဲ့

ဧရာဝတီတိုင်းအတွင်းရှိ အချို့ဒေသများတွင် လေဘေးသင့်ခဲ့ပြီးနောက် ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းကြောင့် ရန်ကုန်-ပုသိမ် ကားလမ်းနှင့် ဖျာပုံ-ဘိုကလေး ကားလမ်းများသည် ယာဉ်သွားလာမှုများခြင်း၊ မိုးများခြင်းနှင့် အချိန်မီပြုပြင်ခြင်းမရှိခဲ့၍ လမ်းများပျက်စီးခဲ့ကြောင်း။

သို့ဖြစ်၍ လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ မြန်ဆန်သွက်လက်စေရေး ဆောင်ရွက်ရာတွင် ပစ္စည်းသယ်ယာဉ်များ လွယ်ကူစွာသွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် လိုအပ်ကြောင်း။

ဆောင်ရွက်ပေး

ရန်ကုန်-ပုသိမ် ကားလမ်းကို အေးရှားဝေါလ်ကုမ္ပဏီသို့ လမ်းလုပ်ငန်းများဆိုင်ရာ လုပ်ကိုင်ခွင့်ပေးထားသော်လည်း အဆိုပါလမ်းပြုပြင်ခြင်း မြန်ဆန်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝင်ရောက်လုပ်ကိုင် ဆောင်ရွက်ပေးနေကြောင်း။

ယာဉ်များချောမွေ့စွာသွားလာနိုင်ရေးအတွက် ဦးစွာ လမ်းပေါက်များအား ကျောက်ဖြည့် သဲဖို့ခြင်းကို ဆောင်ရွက်စေခဲ့သော်လည်း မိုးများခြင်းကြောင့် ပြန်လည်ပျက်စီးမှုများရှိနေသည်ကို တွေ့ရကြောင်း။

နေ့စဉ်စစ်ဆေး

လမ်းများတွင် ယာဉ်များချောမွေ့စွာသွားလာနိုင်ရေးအတွက် လမ်းအပိုင်းလိုက် တာဝန်များ သတ်သတ်မှတ်မှတ်ပေးကာ နေ့စဉ်စစ်ဆေးပြီး အမြဲမပြတ်ပြုပြင်ရန်ဖြစ်ကြောင်း။

ဖျာပုံ-ဘိုကလေးလမ်းအပိုင်းကိုလည်း ယာဉ်များချောမွေ့စွာသွားလာနိုင်ရန် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ယူပြုပြင်ပေးခဲ့ကြောင်း။

ကျင့်သုံးရန်

ယခုမိုးရာသီတွင် လမ်းပေါက်ဖာအဆင့်ဖြင့်သာ ဆောင်ရွက်ပေးနေရသဖြင့် ယာဉ်များချောမွေ့စွာသွားလာနိုင်ရန် တစ်နေရာပျက်လျှင် တစ်နေရာပြင်၊ တစ်နေရာပေါက်လျှင် တစ်နေရာဖာ စနစ်ဖြင့် ကျင့်သုံးသွားရန် ဖြစ်ကြောင်း။

လမ်းပေါက်ဖာခြင်းလုပ်ငန်းကို ဆောင်ရွက်နေသကဲ့သို့ အမာခံလမ်းခင်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

တိုင်းအဆင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသတွင်းရှိ လမ်းများတွင် ယာဉ်များ ချောမွေ့စွာသွားလာနိုင်ရေး စစ်ဆေးပြီး ဌာနဆိုင်ရာအချင်းချင်း အကြံပေးကာ ညှိနှိုင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

ယင်းကဲ့သို့ ရှိပြီးလမ်းများ ကောင်းမွန်ရေး ဆောင်ရွက်နေသကဲ့သို့ သဘာဝဘေး အရေးပေါ်ဖြစ်ပေါ်လာပါက လူနှင့် တိရစ္ဆာန်များ ရွှေ့ပြောင်းနိုင်ရုံသာမက ဖွံ့ဖြိုးရေးလုပ်ငန်းများပါအထောက်အကူဖြစ်စေရန် ဧရာဝတီတိုင်းအတွင်း ပင်လယ်ပိုင်းဒေသအထိ ဆက်သွယ်သွားလာနိုင်သည့် လမ်းကွန်ရက်လမ်းမကြီး ငါးသွယ်ကိုလည်း ဖောက်လုပ်ပေးလျက်ရှိကြောင်း။

အဆိုပါလမ်းများကို ပထမအဆင့်အဖြစ် ပွင့်လင်းရာသီတွင် မြေသားလမ်းအပြီး ဖောက်လုပ်၍ တစ်ချိန်တည်းမှာပင် တံတားငယ်၊ တံတားလတ်များကိုပါ ဆောက်လုပ်သွားရန်ဖြစ်ကြောင်း။

ပင်လယ်ပိုင်းနှင့်နီးသော ကျေးရွာများအနီးရှိ လမ်းများကို ရေဘေးခိုလှုံနိုင်အောင် ၂၅/၃၀ပေ အမြင့်ရှိ တာပေါင်များ မြှင့်တင်ဖောက်လုပ်ရန်နှင့် Cyclone Shelter များပါ ဆောက်လုပ်ပေးရန်ဖြစ်ကြောင်း။

လူမှုစီးပွားရေး

ဒုတိယပိုင်းအနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်၏ လူဦးရေအများစုသည် ကျေးလက်နေပြည်သူများဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

သို့ဖြစ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သဖြင့် ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ကျေးလက်နေပြည်သူများ အကျိုးရရှိခံစားနေကြရပြီဖြစ်ကြောင်း။

လက်တွေ့ပြသနိုင်

ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် အိမ်ထောင်စုတိုင်း နွား လေး၊ငါးကောင်မွေးရုံဖြင့် ၎င်းတို့၏ စွန့်ပစ်ပစ္စည်းမှ ထွက်ရှိလာသည့် ဇီဝဓာတ်ငွေ့ဖြင့် ထမင်း၊ ဟင်း ချက်ပြုတ်နိုင်သည်သာမက လျှပ်စစ်မီးအသုံးပြုနိုင်ခြင်း၊ ဇီဝဓာတ်ငွေ့ထုတ်လုပ်ပြီး ကျန်ရှိသည့် ဇီဝမြေဩဇာ၊ ဇီဝစွန့်ပစ်ပိုလျှံရည်များကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုခြင်းဖြင့် သီးနှံများကြီးထွားပြီး အထွက်နှုန်းတိုးကြောင်းကို လက်တွေ့ပြသနိုင်ပြီဖြစ်ကြောင်း။

သို့ဖြစ်၍ ကျေးရွာများတွင် ဇီဝဓာတ်ငွေ့ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးကို အုပ်ချုပ်ရေးပိုင်းတွင် တာဝန်ရှိသူများက စည်းရုံးဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ဧရာဝတီတိုင်းအတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေအနေ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေးမှု အခြေအနေ၊ ပိုးမွှားကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားမှုအခြေအနေ၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေ၊ ငါးနှင့် ပုစွန်များ ထုတ်လုပ်မှုအခြေအနေနှင့် ဆားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လပွတ္တာမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေ၊ လူနေအိမ်များ တည်ဆောက်ပြီးစီးမှု၊ Cyclone Shelter များ တည်ဆောက်ရန် နေရာရွေးချယ်ထားရှိမှု၊ လပွတ္တာမြို့အတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ထားမှု၊ မြို့တွင်းလမ်းနှင့် တံတားများ တည်ဆောက်ပြီးစီးမှုနှင့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးအခြေအနေများကို လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ဟိုင်းကြီးကျွန်းမြို့နယ်အတွင်း လေဘေးသင့်ဒေသများတွင် နေအိမ်များတည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လူနေအိမ်များ ဆောက်လုပ်ပေးရမည့် အရေအတွက်နှင့် ဆောက်လုပ်ပြီးစီးမှု၊ အလှူပစ္စည်းများရရှိမှုနှင့် ဖြန့်ဝေပေးမှုတို့ကို လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက တည်ဆောက်ရေးပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ သယ်ဆောင်ပေးမှုနှင့် ဆေးရုံသင်္ဘော စီစဉ်ပေးမှုများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်ပေးမှုကိုလည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဧရာဝတီတိုင်းအတွင်း ဆက်သွယ်ရေးကွန်ရက် ကောင်းမွန်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ငါးဖမ်းလှေနှင့် ငါးဖမ်းပိုက်များ ဖြန့်ဝေပေးမှုနှင့် ကျွဲ၊ နွားများရရှိမှုနှင့် ဖြန့်ဝေပေးမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကူညီဆောင်ရွက်

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ဧရာဝတီတိုင်းအတွင်းမှ မြို့တိုင်း၊ ရွာတိုင်းရှိ အိမ်တိုင်းတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် အလေ့အကျင့်များကို စီမံပေးရန်ဖြစ်ကြောင်း၊ မြို့ကြီးများတွင် စီးပွားဖြစ်ဝက်မွေးမြူ၍ ၎င်းတို့မှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများမှရရှိသော ဇီဝမြေဩဇာနှင့် ဇီဝစွန့်ပစ်ရည်တို့ကို အသုံးပြုပြီး စိုက်ပျိုးသည့် စံပြစိုက်ခင်းကြီးများ ထူထောင်ပေးရန်ဖြစ်ကြောင်း၊ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးထုတ်ယူသုံးစွဲနိုင်ရေးကို ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ်ခံယူကာ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။ **(သတင်းစဉ်)**

အနုပညာလမ်း ဆက်၍လှမ်းမည်

❒ ဆို၊က၊ရေး၊တီး ပြိုင်ပွဲပြီးလျှင်
'မယ်လေး'ဘယ်ကိုသွားမည်နည်း...။

❒ ဦးစွာပထမ ပြောလိုလှရှင့်
သီ၊ဆို၊ရေး၊က ပြိုင်ပွဲမှသည်
ပညာရင်နို့ သောက်စို့ပါသည်
'အမောင်'မြင်အောင် ကြည့်ပါလော့။

❒ ထိုမှတစ်ဖန် ဆိုရပြန်သော်
ဆု၊ တူရိယာ ပွေ့ပိုက်ကာဖြင့်
လာရာဒေသ ပြုံးပန်းလှဖြင့်
ပြန်ပေဦးမည် ပြန်ဦးမည်။

❒ တစ်နှစ်တာဝန် ကျေလျှင်ကျေလည်း
ကိုယ့်မြေကိုယ့်ဌာ ရောက်ပါလေလျှင်
နောင်နှစ်တွက်တာ ရည်ရွယ်ကာဖြင့်
မသိမကျွမ်း မလှမ်းသည်ကို
လေ့လာဖြည့်ဆည်း ရှာမှီးနေလျက်
ရေး၊ဆို၊တီးမည် ကဦးမည်။

❒ ဒါတင်မက ဆိုပါရသော်
နောင်သားနောင်လာ မျိုးဆက်သစ်ရှာ၍
သိထားတတ်ထား မှတ်သားသမျှကို
အမျိုးသားရေး စရိုက်လက္ခဏာ
စောင့်ထိန်းရှည်ကြာ ခိုင်မတ်စွာဖြင့်
လက်ဆင့်ပေးကမ်း ဝေခြမ်းဖို့ရာ
'မယ့်'တွင်ဝန်တာ ရှိလှာသည်မို့
မြန်မာ့ယဉ်ကျေးမှု အနုပညာလမ်း
ဆက်၍သာ 'မယ်'လှမ်းမည်ဟု
ဖြေရမည်တည့် ဖြေမည်တည့်။ ။

ညို့မင်းလွင် (နေပြည်တော်ပျဉ်းမနား)

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း တူရကီနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၈ခုနှစ် အောက်တိုဘာ ၂၉ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အလီ ဘာဘာကန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဆောက်လုပ်ပြီးနေအိမ်များ

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်စလူမြို့၌ဆောက်လုပ်ပြီး နေအိမ်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

***** *ကျောဖုံးမှ*

ထို့နောက်မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းဥက္ကဋ္ဌဦးသန်းမြင့်ကဆောက်လုပ်ပေးထားသည့်နေအိမ်များ လေပြင်းဒဏ်ခံနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို အကြံပြု ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား နေအိမ်များ လေဒဏ်ခံနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို နေအိမ်ကားချပ်ဖြင့် အသေးစိတ် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဆောက်လုပ်ပြီး နေအိမ်များ၌ နေထိုင်လျက်ရှိသည့်မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ စားသောက်ရေး၊ နေထိုင်ရေး၊ကျန်းမာရေးနှင့် စီးပွားရေး လုပ်ငန်းအခြေအနေများကို မေးမြန်းပြီး မိမိတို့၏ နေအိမ်ဝင်းများအတွင်း သီးနှံပင်များကို အောင်မြင်အောင် စိုက်ပျိုးရေး မှာကြားသည်။

ထို့နောက်ဝန်ကြီးချုပ်သည်ပြင်စလူမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက စိုက်ပျိုးထားသည့် ဧက ၁၀၀ စပါးစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေ၊ Cyclone Shelter ဆောက်လုပ်ရန် ရွေးချယ်ထားသည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ငွေစင်ရော်စံပြကျေးရွာ

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြင်စလူမြို့မှ ပြန်လည်ထွက်ခွာခဲ့စဉ် ပြင်စလူမြို့ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး ဆက်လက် ထွက်ခွာလာရာ မော်လမြိုင်ကျွန်းမြို့နယ်ငွေစင်ရော်စံပြကျေးရွာသို့ ရောက်ရှိသည်။

လပွတ္တာခရိုင် ပြင်စလူမြို့၌ ဆောက်လုပ်ပြီး နေအိမ်များကို တွေ့ရစဉ်။

(သတင်းစဉ်)

ထို့နောက်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆေးပေးခန်း

ယင်းနောက် ဝန်ကြီးချုပ်အား ရှင်းလင်းဆောင်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နေအိမ်များ ဆောက်လုပ်ပြီးစီးမှု၊ ကျောင်းနှင့် ဆေးပေးခန်းများ တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ဝန်ကြီးချုပ်က ကျောင်းနှင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် သဘာဝဘေးအန္တရာယ်ခံနိုင်သည့် အနေအထားကို ရည်မှန်း၍ အခိုင်အမာဆောက်လုပ်ရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကျေးရွာ သောက်သုံးရေအတွက် စည်ပင်သာယာရေး ဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းဆောက်ရွက်သည့် နေရောင်ခြည် စွမ်းအင်စနစ်သုံး လေးလက်မစက်ရေတွင်းကို ကြည့်ရှုစစ်ဆေးရာ စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်ဦးက ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ဝန်ကြီးချုပ်သည် ၁၂ဒသမ ၅ကီလိုဝပ်လျှပ်စစ်မီးအားပေးစက်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် နေအိမ်များ၌ လေကာပင်နှင့် စားသုံးသီးပင်၊ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ၎င်းတို့၏ စားဝတ်နေရေးနှင့် စီးပွားရေးကိစ္စများကို မေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖျာပုံမြို့ရောက်ရှိ

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငွေစင်ရော် စံပြကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၁၁နာရီ ၁၀ မိနစ်တွင် ဖျာပုံမြို့သို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်အား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် နံနက် ၁၁နာရီ မိနစ် ၂၀တွင် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖျာပုံခရိုင်ရှိ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

အသေးစိတ်တင်ပြ

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဖျာပုံ၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်များ၏ ပြန်လည်တည်ဆောက်ရေးဆိုင်ရာများ၊ အသက်မွေးဝမ်းကျောင်းအလိုက် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင် ဆောင်ရွက်နေမှုနှင့် Cyclone Shelter များတည်ဆောက်ရန် လျာထားနေရာများကို ဗီဒီယိုဆလိုက်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

အသိပညာပေး

ထို့နောက် ဝန်ကြီးချုပ်က မိမိတို့ဒေသအတွင်းရှိ ကားလမ်းများတွင် ယာဉ်များ ချောမွေ့စွာသွားလာနိုင်ရေးအတွက် တာဝန်ရှိသူများက အမြဲစစ်ဆေးပြီး ပျက်စီးမှုများကို အမြန်ပြုပြင်ရန်၊ ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ကျွဲ၊ နွားမွေးမြူသည့် လယ်သမားအိမ်ထောင်စုတိုင်း ကျွဲ၊ နွား စွန့်ပစ်ပစ္စည်းများမှ ဇီဝဓာတ်ငွေ့ထုတ်ယူ အသုံးချရေးနှင့် စိုက်ပျိုးရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများက စည်းရုံးဆောင်ရွက်သွားရန်၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွက်ကောင်း မျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဇီဝမြေဩဇာ သုံးစွဲရေးတို့ကို တာဝန်ရှိသူများက အောက်ခြေအထိ ဆင်း၍အသိပညာပေးခြင်း၊ လိုအပ်သောပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေး ခြင်းတို့ကို ကူညီဆောင်ရွက်ပေးရန် မှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်

ထို့နောက် ဝန်ကြီးချုပ်က ဖျာပုံခရိုင် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအတွက် ငွေကျပ် သိန်း၆၀ကို ခရိုင်ဆရာဝန်ကြီး ဒေါက်တာညီညီဝင်းထံ ပေးအပ်သည်။

ရင်းရင်းနှီးနှီး

ယင်းနောက် ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရောက်ရှိ

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

စက်ရေတွင်းနှင့်လျှပ်စစ်မီးအားပေးစက်

မော်လမြိုင်ကျွန်းမြို့နယ် ငွေစင်ရော်စံပြကျေးရွာတွင် သောက်သုံးရေအတွက် စည်ပင်သာယာရေးဦးစီးဌာနနှင့်ယူနီဆက်ဖ်တို့ ပူးပေါင်းဆောင်ရွက်သည့် နေရောင်ခြည်စွမ်းအင်စနစ်သုံး လေးလက်မ စက်ရေတွင်းနှင့် ၁၂ဒသမ ၅ကီလိုဝပ် လျှပ်စစ်မီးအားပေးစက်တို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် ငွေစင်ရော်စံပြကျေးရွာ၌ ဆောက်လုပ်ပြီး နေအိမ်များကို ဝေဟင်မှတွေ့ရစဉ်။

(သတင်းစဉ်)

အမျိုးသားယဉ်ကျေးမှု ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင်ကြရမည်

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် ရိုးရာယဉ်ကျေးမှုအနုပညာများ ဆက်လက်ထွန်းကားစေရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၁၆)ကြိမ် ရှိခဲ့ပြီဖြစ်သည်။

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာသည် နူးညံ့၍ သိမ်မွေ့နက်နဲသည်။ လူတို့၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းစေသည်။ အဆို၊ အကဟူသည် မိမိစိတ်အတွင်း၌ ဖြစ်ပေါ်လာသော စိတ်၏အခြေအနေကို ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ဖော်ပြခြင်းတစ်မျိုးဖြစ်သည်။ ကမ္ဘာပေါ်၌ လူဟူ၍ ပေါ်စကတည်းကပင် အဆိုနှင့်အကသည် ဒွန်တွဲဖြစ်တည်လာရသည်ဟု ဆိုရမည်။

မိခင်တိုင်းသည် မိမိ၏ ရင်သွေးငယ်များအား ချော့မြူရာ၌ "အို အို အေ အေ"ဟူ၍ နှစ်သိမ့်မှုပေးပြီး သီဆို ချော့မြူတတ်ကြသည်။ လူရိုင်းများပင် ပျော်ရွှင်ပွဲများ ကျင်းပကာ ဝိုင်းဝန်း၍ ကခုန်မြူးထူးကြလေ့ရှိသည်။ "မြန်မာအက ငှက်ပျောပွဲနှင့် ဖြောထဲက"ဟု ဆိုသော်လည်း နတ်ပွဲများ၊ ဖြောများ မပေါ်မီကပင် အကရှိခဲ့သည်ဟု ဆိုနိုင်ပါသည်။

အခြေခံပညာ အဆင့် (၅-၁၀)နှစ် အမျိုးသား အကပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်ကောင်းမြတ်စိုး၏ ကဟန်သွက်သွက်....။

မိမိနိုင်ငံ၊ မိမိလူမျိုး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာမြင့်မြင့်မားမား တင့်တင့်တယ်တယ် ရပ်တည်နိုင်ရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံးသည် နိုင်ငံတော် ကာကွယ်ထိန်းသိမ်းရေးအပိုင်း၌ စိတ်ဓာတ် ရေးရာ စည်းလုံးညီညွတ်မှု ခိုင်မာစွာရှိရန် လိုအပ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရာတွင်လည်း စည်းလုံးညီညွတ်စွာရှိနေရန် လိုအပ်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဘူရိဒတ် ဓာတ်တော်ကြီးပြိုင်ပွဲတွင် မကွေးတိုင်း ကိုယ်စားပြု ဓာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်စဉ်။

လူ့ဘောင်လောကဥ္စသာမက တိရစ္ဆာန်လောက၌ပင်လျှင် စိတ်ကြည်ရွှင်မှုတို့ကို အဆိုနှင့် အကဖြင့် ဖော်ပြကြပုံကို တွေ့နိုင်သည်။ ငှက်ဖိုတို့သည် ငှက်မ၏ မေတ္တာကိုရယူရန် ဆို၍ ပြကြ၊ က၍ ပြကြသည်။ ဥဒေါင်း'က'သည်၊ ကြက်ဆင်'က'သည် ဟူသော အသုံးတို့မှာ တင်စား၍ပြောဆိုသော စကားမဟုတ်ဘဲ အမှန်တကယ်ကခြင်းများပင် ဖြစ်သည်။

ယဉ်ကျေးမှု တိုးတက်လာသည့်အလျောက် အဆိုနှင့်အက တူရိယာပစ္စည်းတို့သည် တိုးတက် ဖြစ်ထွန်းလာရသည်။ လူမျိုးတစ်မျိုး၏ အဆို၊ အက တူရိယာတို့သည် ပတ်ဝန်းကျင်ရှိ အခြားသော လူမျိုးများသို့ ကူးစက်ပျံ့နှံ့သွားလေ့ရှိသည်။ ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုအရှိန်သည် လူမျိုးပေါ်သို့ သက်ရောက်မှုရှိစေသည်။ ထို့ကြောင့်လည်း သရုပ်ပျက်သော ယဉ်ကျေးမှုများ လွှမ်းမိုးခြင်းကင်းရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို ကာကွယ်စောင့်ရှောက်ခြင်းအားဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပပေးနေခြင်း ဖြစ်သည်။

သန်းသန်းနု - ရေးသည်

ရှေးခေတ်ကို ပြန်၍ကြည့်လျှင် အလှူအတန်းများ၌ ဖြောတီးသောအခါ အလှူ့အမနှင့်တကွ အလှူထမြောက်ခြင်းကို ဝမ်းသာသူတို့သည် စိတ်၏ခံစားမှုအရ ထ၍ ကပြကြသည်။ ဤမှစ၍ "ဖြောအက"ဖြစ်လာရပါသည်။ နတ်ပူဇော်ပသရာမှ "နတ်အက"၊ အိုးစည်ပေါ်လာသည့်အခါ "အိုးစည်အက"၊ ဒိုးပတ်ပေါ်လာသည့်အခါ "ဒိုးပတ်အက" ဟူ၍ ရှိလာခဲ့သည်။ ဗုံရှည်ကြီးများ ပေါ်လာသည့်အခါ "ဗုံရှည်အက" ဟု ပေါ်လာပြန်သည်။ ဗုံရှည်အကတွင် မင်းသား မင်းသမီး ဗုံကြီးသံများဖြင့် ကပြကြလေ့ရှိသည်။

ဤသို့ နှစ်ပါးသွား ဗုံကြီးသံများဖြင့် ကပြခြင်းမှတစ်ဆင့် ဗုံကြီးဇာတ်ထုပ်များထွင်ကာ ကကြသည်။ ရုပ်သေးပေါ်လာပြီးနောက် ဇာတ်ကွက်ဇာတ်လမ်းအစုံဖြင့် ကပြသော မြန်မာ့မြေဝိုင်းဇာတ်များ ပေါ်ထွန်းလာခဲ့သည်။

မြန်မာ့ဇာတ်သဘင်သည် ကုန်းဘောင်ခေတ်၌ ထင်ရှားသည်။ အလောင်းဘုရား၏ သားတော် ဆင်ဖြူရှင်လက်ထက်တွင် ယိုးဒယားနန်းတွင်း ဇာတ်ကိုပညာသည်များ ယူဆောင်လာပြီး မြန်မာတို့၏ နန်းတွင်းမှာ ကပြစေခဲ့သည်။ မြန်မာ့ယဉ်ကျေးမှု အနုပညာအဆင့်ကို မြန်မာ့ဇာတ်သဘင်ပွဲများကို ကြည့်ခြင်းဖြင့် သိသာထင်ရှားသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များသည် သူ့မူ၊ သူ့ဟန်၊ သူ့အထာ၊ သူ့သမ္ဘာနှင့် သီးသန့် ဖြစ်ထွန်းနေပေသည်။ အထူးသဖြင့် သဘင်ပညာနယ်ပယ်တွင် မြန်မာ့ အဆို၊ အက၊ အရေး၊ အတီးပညာခန်း အသီးသီးသည် နက်ရှိုင်းလှသည်။ မြန်မာစာပေတွင် ကဗျာလင်္ကာများကို အမွှမ်းအဖွဲ့များဖြင့် သီကုံး စီခြယ်ကြသည်။ တစ်မူထူးခြားသည့် ဂုဏ်ရည်ပင် ဖြစ်ပေသည်။

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတွင် ကိုယ်ပိုင်ဂီတရှိသည်။ ဂီတပညာတွင် အဆို၊ အက၊ အရေး၊ အတီးဟူ၍ လေးမျိုးလေးရပ် ပါရှိသည်။ လူမျိုးတစ်မျိုး၏ ဂီတကိုလေ့လာကြည့်ပါလျှင် ထိုလူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ခန့်မှန်းနိုင်သည်။

မြန်မာ့ဂီတသည် ခြေခြေမြစ်မြစ်ဖြင့် စနစ်တကျ တိုးတက်လာသော ပညာရပ်ဖြစ်သည်။ မြန်မာတို့၏ ပင်ကိုအတီးတူရိယာသည် ဆိုင်းဖြစ်သည်။ ဆိုင်းတူရိယာသည် မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာ ကိုယ်ပိုင်တူရိယာဖြစ်သည်။ ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းတို့သည် မြန်မာ့ဆိုင်းဝိုင်းကြီး၏ အခက်အလက်များဟု ဆိုနိုင်ပေသည်။

အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး (ခေတ်ဟောင်း၊ ကာလပေါ်တေး) အဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မခိုင်ဝါဝင်းတင့် သီဆိုယှဉ်ပြိုင်ဟန်။

မြန်မာတို့၏ တူရိယာပစ္စည်းများအနက် မြန်မာ့ဆိုင်းဝိုင်းကို တိုင်းတစ်ပါးတို့ အထူးစိတ်ဝင်စားပြီး လေ့လာစေ့ငုကြလေ့ရှိသည်။ ဆိုင်းဝိုင်းတစ်ဖွဲ့တွင် တီးမှုတ်သူ ခုနစ်ဦးမှ ၁၀ဦးကျော်အထိ ပါဝင်သည်။ ဆိုင်းဆရာကြီး၊ ကြေးတီး၊ ပတ်မတီး၊ နှဲဆရာ၊ လက်ထောက်ပတ်မတီး၊ စည်တီး၊ ဝါးတီးတို့ဖြစ်သည်။ ဆိုင်းဝိုင်းကြီးများတွင် ခုနစ်ဦးအပြင် နှဲငယ်၊ နှဲလတ်၊ မောင်းနှင့် ဝါးတီးများ တိုးချဲ့ဖွဲ့စည်းထားသည်။ မြန်မာတို့၏ တူရိယာပစ္စည်းသည် ရှေးမူများပြီး နည်းစနစ်ကျသည်။ ထို့ကြောင့်လည်း မပျောက်မပျက် တည်တံ့နေခြင်း ဖြစ်သည်။

ထို့ကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာမြင့်မြင့်မားမား တင့်တင့်တယ်တယ် ရပ်တည်နိုင်ရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံးသည် နိုင်ငံတော်ကာကွယ်ထိန်းသိမ်းရေးအပိုင်း၌ စိတ်ဓာတ်ရေးရာ စည်းလုံးညီညွတ်မှု ခိုင်မာစွာရှိရန် လိုအပ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရာတွင်လည်း စည်းလုံးညီညွတ်စွာ ရှိနေရန်လိုအပ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

အဆင့်မြင့်ပညာအဆင့် အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်ဝင်းထက်အဖွဲ့ ဤသို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

မုံရွာမြို့မှ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
ဒုတိယနေ့ပွဲစဉ်တွင် ရန်ကြီးအောင်နှင့် ကြယ်လင်းအောင်တို့ သရေကျ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဇင်လင်းထွန်း(ခနုဖြူ) စာမျက်နှာဖွဲ့စည်းမှု-ကျင်သန်းဦး(မြန်မာ့အလင်း)

မုံရွာ အောက်တိုဘာ ၂၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် စစ်ကိုင်းအားကစားနှင့် ကာယပညာ ကော်မတီတို့မှ ကြီးမှူးကျင်းပသော "ရွှေတိုင်းမြေမှစိန်ခေါ်သံ" မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ဒုတိယနေ့ပွဲစဉ်များကို အောက်တိုဘာ ၂၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီခွဲမှစတင်၍ မုံရွာမြို့ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ပွဲစဉ်ပေါင်းကိုးပွဲဖြင့် ဆက်လက်ကျင်းပခဲ့ရာ ရှစ်ပွဲက အလဲထိုးပွဲများဖြစ်ခဲ့ပြီး ရန်ကြီးအောင်(မြို့တော်စည်ပင်)နှင့် ကြယ်လင်းအောင် (တောင်ကလေး)တို့၏ အဓိကစိန်ခေါ်ပွဲကြီးမှာ သရေပွဲဖြစ်သွားသည်။

အလဲထိုး

သုံးချီအထူးပွဲနှစ်ပွဲတွင် ဖွဲ့ဒေဝါ (အမရပူရ)ကို လမင်းဇေယျာ(မန္တလေး)က ပထမအချီ ၁မိနစ် ၄၃စက္ကန့်တွင် ညာဝိုက်ဖြင့် အလဲထိုးခဲ့ပြီး သိုးထိန်း(မြန်မာပြည်သား)က သူ့ထက်အရပ်အမောင်းသာ၍ အရိုးရင့်သော ငယ်ဆူး(မြန်မာသွေးသစ်)ကို လက်သီးတွဲလုံး ဒူးပုန်းများဖြင့် ရဲရဲဝံ့ဝံ့ ဖွင့်ထိုးရာ ငယ်ဆူး ပြန်မစူးသာဘဲ ဒုတိယအချီ ၁မိနစ် ၂၆စက္ကန့်တွင် ပွဲသိမ်းခံလိုက်ရသည်။

လေးချီစိန်ခေါ်ပွဲအစတွင် စိုင်းမောင်မောင်(အောင်သာယာ)နှင့် ကျားလူငယ် (SKK)တို့ လက်သီးတွဲလုံးချင်း ယှဉ်ကြရာ ပထမအချီ ၁၈စက္ကန့်မှာပင် ကျားလူငယ် အလဲထိုးခံ အရှုံးပေးသွားသည်။ ထို့နောက် အောင်သိန်းကျော်(SKK)နှင့် နောင်နောင်ထွန်း (စဥ့်ကိုင်)တို့ ယှဉ်ကြရာ ပထမအချီ ၁မိနစ် ၅၃စက္ကန့်တွင် နောင်နောင်ထွန်း၏ ညာဝိုက်ကြောင့် အောင်သိန်းကျော် အနားတောင်းရပြီး နောက်ထပ် ၂၃စက္ကန့်တွင် ဘယ်ဖြောင့်ဖြင့် အလဲထိုးခံလိုက်ရသည်။ ထိုပွဲအပြီး၌ ကြိုးဝိုင်းအတွေ့အကြုံ နည်းသေးသူ ရွှေပုံ့လွှား(မြန်မာသွေးသစ်)က စိုးဒေဝါ (အမရပူရ)ကို ပထမအချီ၌ပင် ရှိသမျှကျည် အကုန်ဖြုန်းပစ်သည့်အလား မနားတမ်းလိုက်ထိုးသည်။ စိုးဒေဝါက ရှောင်သာလျှင်ရှောင် မရှောင်သာလျှင် ပူး၍ ချုပ်တိုက်သည်။ အခွင့်သာလျှင် တစ်လုံးကောင်း နှစ်လုံးကောင်း ဆိုင်ထိုးသည်။

ထို့ကြောင့် ဒုတိယအချီတွင် ရွှေပုံ့လွှား သက်လုံကုန်၍ သတ်လုံးပျောက်ကာ လောက်လေးမှန်သော ကျီးကန်းကဲ့သို့ ဖြစ်သွားပြီး တတိယအချီ ဆက်မထိုးနိုင်ဘဲ အရှုံးပေးသွားသည်။

ကွဲရှုံး ရှုံး

လေးချီနောက်ဆုံးပွဲတွင် ဗသုန်ဗန်စက်(မြန်မာပြည်သား)နှင့် ၄င်းထက် အလုံးအထည်ကြီးသော မိုးဒေဝါ(အမရပူရ)တို့ ယှဉ်ပြိုင်ကြသည်။ မိုးဒေဝါက ဗလအားကိုး၍ ဘယ်ထောက်နှင့် ဝင်တိုင်းကြိုထောက်ထားသော ဗသုန်ဗန်စက်၏ ဘယ်လက်သီးနှင့် မျက်နှာစွပ်မိလျက်သား ဖြစ်နေသဖြင့် မိုးဒေဝါ တအိအိပြိုကျတော့မည်ကဲ့သို့ ရှိနေရာမှ တတိယအချီ ၁မိနစ် ၅စက္ကန့်တွင် လူချင်းအပူး၌ မိုးဒေဝါက ဘယ်တံတောင် အပိုင်ရိုက်ထည့်လိုက်ရာ ဗသုန်ဗန်စက် နဖူးအထက် ဟက်တက် ကွဲသွားသည်။ သွေးများယိုစီးကျလာသဖြင့် ဆေးအဖွဲ့၏ စစ်ဆေးမှုခံယူရာ ဒဏ်ရာကြီးသောကြောင့် ဗသုန်ဗန်စက် အထက်စီးထိုးနေရင်းမှ ကွဲရှုံး ရှုံးရတော့သည်။ လက်ဝှေ့၏ ကြွေတစ်လှည့် ကြက်တစ်ခုန် သဘောတရားကို ထင်ထင်ရှားရှား ပြလိုက်သော ပွဲဖြစ်သည်။

ငါးချီစိန်ခေါ်ပွဲ

ထို့နောက် ငါးချီစိန်ခေါ်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကြသည်။ ကရင်ပြည်နယ် ဘားအံမြို့(မျိုးဇာနည်)ကလပ်မှ ခိုင်လင်းနှင့် အောင်ဒီပ(အလင်းရောင်)တို့ ယှဉ်ကြရာ ပထမအချီ ၁မိနစ်၄၃စက္ကန့်၌ပင် ခိုင်လင်းက သူ၏ အဓိကလက်နက်ဖြစ်သော ဘယ်ဖြောင့်လက်သီးဖြင့် အောင်ဒီပ၏ နံကြားကို စိုက်ထိုးချ၍ အနားတောင်းစေခဲ့သည်။ အောင်ဒီပက ထိုးလုံးသတ်ပေါက် မညံ့လှသော်လည်း လက်သီးတစ်ချက်ချင်း၊ ခြေကန်တစ်ချက်ချင်းတွင် ပါဝါချင်းကွာသောကြောင့် တဖြည်းဖြည်းနိမ့်လာရာမှ ဒုတိယအချီ ၂မိနစ် ၅၇စက္ကန့်၌ အလဲထိုးခံလိုက်ရသည်။

မူးမိုက်တွေဝေ

ထို့နောက် ပြည်နယ်၊ တိုင်း ရွှေတံဆိပ် ရရှိမှုချင်းသာမက အကောင်းဆုံးလက်ဝှေ့သမားဆု ရရှိမှုချင်းပါ တူညီကြသော ဒိန်း(မြန်မာသွေးသစ်)နှင့် မိုက်တိုင်စန်(အလင်းရောင်)တို့ ယှဉ်ပြိုင်ကြသည်။ ဒိန်း၏ ဖေးဘရိတ် ညာလက်သီးက မိုက်တိုင်စန်၏ မျက်နှာကို ဒုန်းခနဲထိသည့် အချက်များရှိသော်လည်း ကြမ်းပြင်ပေါ်သို့ ဒိုင်းခနဲကျအောင် မစွမ်းဆောင်နိုင်သည့်ပြင် မူးမိုက်တွေဝေသွားခြင်းပင် မဖြစ်စေသောကြောင့် ပွဲချိန်ကြာလာသည်နှင့်အမျှ ငယ်ဂုဏ်ရှိသော မိုက်တိုင်စန်ကို သက်လုံချင်း မယှဉ်နိုင်ဖြစ်လာသည်။ မိုက်တိုင်စန်၏ ဘယ်ခြေကန်ချက်နှင့် လက်သီးတွဲလုံးများက ဒိန်းကိုဖိစီးထားနိုင်သည်။ ဒိန်းကလည်း အနားတောင်းရခြင်း၊ အမှတ်စဉ်အရေခံရခြင်းများ ဖြစ်နေသည့်ကြားမှ စွမ်းသမျှ ရေကုန်ရုန်းသည့်အတွက် ပရိသတ်လက်ခုပ်သံရသော ပွဲဖြစ်ခဲ့သည်။ သို့ရာတွင် တတိယအချီ ၂မိနစ် ၄၁စက္ကန့်တွင်မူ မိုက်တိုင်စန်၏ ချုပ်တိုက်သော ဘယ်ဒူးနောက်မှ လိုက်လာသော လက်သီးတွဲလုံးများကို မခံစားနိုင်တော့ဘဲ ဒိန်း ရှုံးပွဲကြုံခဲ့ရသည်။

ဒုတိယနေ့၏ အဓိကစိန်ခေါ်ပွဲကြီးဖြစ်သော ၂၀၀၇ မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင်(မြို့တော်စည်ပင်)နှင့် ၂၀၀၆ လိုက်ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ကြယ်လင်းအောင် (တောင်ကလေး)တို့ ဒုတိယအကြိမ် ပြန်ဆုံသည့်ပွဲက သရေကျခဲ့သော်လည်း မြန်မာ့ရိုးရာလက်ဝှေ့ပွဲများနှင့် ၁၅နှစ်ကျော်မျှ ကင်းကွာခဲ့သော မုံရွာပရိသတ်များကို ဆွဲဆောင်နိုင်စွမ်းရှိခဲ့သည်။

ရန်ကြီးအောင်နှင့်ကြယ်လင်းအောင်တို့ အလူးအလဲ ပူးတွဲချုပ်တိုက်နေစဉ်။

သရေပွဲ

ကြယ်လင်းအောင်က သူ၏ ထုံးစံအတိုင်း ပြင်းထန်သောအောက်ခြေပိုင်းကန်ချက်များကို ဘောလုံးပွဲတွင် ပယ်နယ်တီ ကန်သကဲ့သို့ ပြေးဝင်၍ ကန်သည်။ ရန်ကြီးအောင်က ဘယ်ထောက် ညာဖြောင့်များဖြင့် ဆီးဆို့သော်လည်း မှုဆိုးခြေထောက် ဆူးမကြောက်ဆိုသည်ထက် ကြယ်လင်းအောင် မျက်နှာ လက်သီးမကြောက်ခြင်းက ပိုနေရော့သလား ထင်ရအောင်ပင် မရအရဝင်ပူးသည်။ ထို့ကြောင့် ရန်ကြီးအောင်၏ လက်သီးက နှစ်လုံးထက်ပိုမထိုးသာဘဲ အချုပ်ခံနေရသည်။ ကြယ်လင်းအောင်က ၄င်းထက် အရပ်မြင့်သော ရန်ကြီးအောင်ကို အပေါ်ချုပ်မချုပ်ဘဲ ခါးချုပ်အပိုင်ချုပ်၍ ရန်ကြီးအောင်၏ ဒူးထိပ်(ရေအိုးတင်နေရာ)ကို ဒူးချွန်ဖြင့် ဆင့်ဆင့်တိုက်သည်။ ရန်ကြီးအောင်လှည့်ထွက်လျှင် ခါးကိုနောက်မှသိုင်းဖက်ရင်း တင်ပါးဆုံကို ဒူးချွန်ဖြင့် ဆင့်တိုက်ပြန်သည်။ အချုပ်သန်၍ အထိုးခံနိုင်သော ကြယ်လင်းအောင်ကို ရန်ကြီးအောင် အလဲထိုးရန် မလွယ်သကဲ့သို့ ကြယ်လင်းအောင်ကလည်း ဘယ်ညာလက်သီး အပိုင်ထိုးနိုင်ပါလျက် တွဲလုံးမဆင့်ဘဲ ချုပ်တိုက်ရန်သာ အားသန်နေသောကြောင့် ပွဲသိမ်းရန်မလွယ်ကူဘဲ ဖြစ်နေသည်။ သူ၏ နည်းဗျူဟာက ရေကုန်နွဲမည့်အလံလုပွဲ၌ ထိရောက်မည်ဖြစ်သော်လည်း ငါးချီပွဲတွင်မူ သရေသာယူနိုင်ခဲ့သည်။

ရန်ကြီးအောင်၏ ညာဖြောင့်လက်သီးကြောင့် ကြယ်လင်းအောင်၏ မျက်နှာဘယ်တစ်ခြမ်းဖူးရောင်လာသော်လည်း ကြယ်လင်းအောင်က အရှယ်မပျက်ဘဲ တိုက်စစ်ကို ဦးဆောင်ခဲ့သည်။ ရန်ကြီးအောင်က ယခုပွဲတွင် အိန္ဒုပွဲထက် ထိုးသတ်ပုံကောင်းမွန်လာသည်ကို တွေ့ရသော်လည်း နည်းစနစ်၊ နည်းဗျူဟာပိုင်းတို့၌ လိုအပ်ချက်များစွာ ရှိနေသေးကြောင်း ဝါရင့်လက်ဝှေ့သမားကြီးတစ်ဦးက သုံးသပ်ထားသည်။ အထူးသဖြင့် Power နှင့် Speed ပေါင်း၍ဝင်လာသော ကြယ်လင်းအောင်ကို Side Step ထွက်ထိုးရမည့်အစား Back Step သာဆုတ်ထိုးသဖြင့် မလွတ်သာဘဲ ကြိုးတန်းပိတ်မိခြင်း၊ ထောင့်ပိတ်မိခြင်းဖြစ်ကာ အချုပ်ခံရခြင်းဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

အကြိတ်အနယ်

ယနေ့ပွဲစဉ်အားလုံးတွင် ၎င်းတို့ ပွဲတစ်ပွဲသာ သရေကျသော်လည်း အကြိတ်အနယ်ရှိလှသဖြင့် ပရိသတ်သဘောကျပြီး ဆုတော်ငွေများ သောင်းချီ၍ ချီးမြှင့်ကြသည်။ ယခုရက်အတွင်း မုံရွာမြို့တွင် မိုးအနည်းငယ်ရွာသောကြောင့် ရာသီဥတုအေးမြသဖြင့် လက်ဝှေ့အားကစားသမားများအကြိုက်ဖြစ်ခဲ့ပြီး လက်ဝှေ့ပွဲများကလည်း အလဲထိုး၊ အကွဲထိုးပွဲများနှင့် အကြိတ်အနယ်ပွဲများဖြစ်နေ၍ ပရိသတ်အကြိုက်ဖြစ်ခဲ့ပြန်သည်။ ။

(မြန်မာ့အလင်း)

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ
မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် အောက်တိုဘာ ၂၈

၂၀၀၈ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသည်။

အနိုင်ရရှိ

ပထမအကြိုဗိုလ်လုပွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ယခုအပတ် ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၈

'ပထဝီစီးပွား အလေးထား နိုင်ငံဖြတ်ကျော်ကုန်သွယ်ရေး အားထား' မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုမှ အခွင့်အလမ်းများရရှိနိုင်သည့်အပေါ် ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၄၂) ထွက်ရှိနေပြီ ဖြစ်သည်။

ယင်းအပြင် ငွေထုပ်တွေတစ်ပွေ့တစ်ပိုက်နဲ့ ပြုံးပျော်ကြရမည့် သိန်းတစ်ထောင်သူဌေးလောင်းများ ပေါ်လာတော့မည်၊ နောက်ဆုံးပေါ် တိရစ္ဆာန်ကူးစက်ရောဂါပိုးများကို ရှာဖွေဖော်ထုတ်နိုင်မည့် အဆင့်မြင့်ဓာတ်ခွဲခန်းကြီး တည်ဆောက်ပြီးစီး၊ မြန်မာ-ဘရာဇီးလ် နာဂစ်ရန်ပုံငွေဘောလုံးပွဲမှ ရရှိသော အလှူငွေများဖြင့် သမိုင်းတင်မည့်စာသင်ကျောင်းဆောက်လုပ်မည်၊ ဌာနဆိုင်ရာ သတင်းများကို ပုဂ္ဂလိကစာနယ်ဇင်းများအား ပြန်လည်ဖြန့်ဖြူးရာတွင် အဆင်ပြေချောမွေ့စေရေး ဌာနဆိုင်ရာသတင်းဆက်သွယ်ရေးနှင့် ထုတ်ပြန်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းပေး၊ ပုဂံမြို့ ယွန်းပညာကောလိပ်သင်တန်းများ ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်မည်၊ ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ဩစတြေးလျငန်းနက်တစ်စုံ ကျပ် ၁၀ သိန်းဖြင့်ရောင်းချ၊ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် နို့စားနွားမွေးမြူရေးလုပ်ကိုင်သူများကို ချေးငွေထုတ်ပေးမည်၊ နပျိုခြင်းရဲ့လျှို့ဝှက်ချက်က စိတ်ဟာအဓိကပါဆိုတဲ့ အဆိုတော်မေခလာနှင့်အင်တာဗျူး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "အဝေးပြေးလမ်းခရီး" အကြောင်း စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများ ဖော်ပြပါရှိသည်။

ပိုလီတက္ကနစ်ကျောင်းဆင်းအင်ဂျင်နီယာများ စင်ကာပူတွင် လိုအပ်ချက် မြင့်မားနေဆဲဟု ပညာရေးဝန်ကြီးကပြော၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆင်းရဲချမ်းသာ ကွာဟမှုကြီးထွားလာကာ ကလေးသူငယ်ဆင်းရဲနွမ်းပါးမှုတိုးလာဟုဆို၊ ဘော့စွာနာသမ္မတဟောင်း ဂွန်တီဘန်ယီဖက်စတပ်မိုဂေး ခေါင်းဆောင်မှု အကောင်းဆုံးဆုရရှိ၊ မြင်းပျံမဂ္ဂရေစီ၏ဦးခေါင်း သစ်ခေါင်းပေါက်အတွင်း၌ ညပ်မိ၊ ပညာလိုအိုသည်မရှိ အသက်ကြီးမှ မိခင်နှင့် သားဖြစ်သူတို့ ကွန်မြူနတီကောလိပ်မှ ဘွဲ့ရရှိ၊ ထူးချွန်ထက်မြက်သော ယောကျ်ားကောင်းများတွင် အားကောင်းသော သုက်ပိုးများရှိကြောင်း တွေ့ရ၊ "လက်ထပ်ခဲ့စဉ်က အပျိုစင် မဟုတ်ကြောင်းကို အိမ်ထောင်သက် ၄၆ နှစ်ကြာမှ ဖွင့်ပြောသည့်ဇနီးအား ခင်ပွန်းက ဓားဖြင့်ထိုးသတ်" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ်သူတို့ကဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာကဏ္ဍ စုံလင်စွာ ပါရှိသည်။

(သတင်းစဉ်)

* ရင်သွေးငယ်များ ကျန်းမာဖို့
အကောင်းဆုံးသည် မိခင်နို့။
* မိခင်နို့ဖြင့် မလုံလောက်လျှင်
နွားနို့၊ ဆိတ်နို့အသုံးဝင်။
* အစဉ်ကျိုချက် တိုက်ကျွေးပေး
အသင့်မြတ်ဆုံး ကျန်းမာရေး။

မဒေါက်မြို့ အထက
အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် မဒေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)တွင် အဆိုပါကျောင်းရှိ မဒေါက် နဝဒေးခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပါရန်နှင့် လှူဒါန်းလိုသူများသည် ရန်ကုန်မြို့၌ ဦးခင်ဝင်း-ဖုန်း-၇၀၁၈၁၅၊ ဦးသန်းလွင်-ဖုန်း-၆၈၀၇၆၂၊ ဦးအေးလွင်-၀၉-၅၁-၈၁၀၅၀၊ ၅၄၂၄၅၆၊ မန္တလေးမြို့၌ ဦးမျိုးနိုင်-ဖုန်း-၀၉-၅၀-၁၈၀၇၅၊ မဒေါက်မြို့၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြ-ဖုန်း-၀၅၂-၄၂၄၃၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၉-၁၀-၂၀၀၈ ရက်
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော် သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၂:၅၀ ၁။ **၂၀၀၈ ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားအသက်(၂၁)နှစ်အောက် တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ (အကြိုဗိုလ်လုပွဲ) ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း**
၄:၄၅ ၂။ သီချင်းကြီးပဒေသာ
၄:၅၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
၅:၁၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၀ ၅။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၃၀ ၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၁၀ ၈။ မိုးလေဝသအခြေအနေ
၆:၁၅ ၉။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆:၅၀ ၁၀။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၂၀ ၁၁။ ဆိုလိုက်ကြစို့
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ** (အခြေခံပညာအလယ်တန်းအဆင့်)
၁၆။ အစီအစဉ်ပြီး၏။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

စပါးလက်ထောက်နည်းပြအဖြစ် တာဝန်ယူရေး ကစားသမားဟောင်း တင်ရှားဝုဒ် စဉ်းစားနေဟုဆို

လန်ဒန် အောက်တိုဘာ ၂၈

စပါးကွင်းလယ်ကစားသမားဟောင်း တင်ရှားဝုဒ် **(ယာစွန်)**သည် စပါးနည်းပြသစ် ဟာရီရက်နက်၏ လက်ထောက်နည်းပြအဖြစ် ထပ်မံခေါ်ယူရန် ကမ်းလှမ်းမှုကို လက်ခံရန် စဉ်းစားလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ခေါ်ယူ

ပြီးခဲ့သည့် သီတင်းပတ်အကုန်က ပို့စ်မောက်အသင်းမှ စပါးအသင်းနည်းပြသစ်အဖြစ် ပြောင်းရွှေ့တာဝန်ယူခဲ့သူ ဟာရီရက်နက်သည် ကီဗင်ဘွန်းအား ၎င်း၏ လက်ထောက်နည်းပြအဖြစ် ခေါ်ယူခဲ့ပြီးဖြစ်သည်။

ဆောင်ရွက်

မိမိအနေဖြင့် နည်းပြ ဟာရီရက်နက်နှင့် ပြောဆိုဆွေးနွေးရမည် ဖြစ်ကြောင်း၊ သို့သော်လည်း စဉ်းစားရန် လိုနေသေးကြောင်း ရုပ်မြင်သံကြားဌာနတစ်ခု၌ အားကစားပညာရှင်တစ်ဦးအဖြစ် ဆောင်ရွက်နေသူ တင်ရှားဝုဒ်က ဘီဘီစီသို့ ပြောကြား ခဲ့သည်။

နည်းပြ ဟာရီရက်နက် စပါးအသင်းနှင့် စာချုပ်မချုပ်မီကပင် တင်ရှားဝုဒ်သည် စပါးအသင်းတွင် လေးနှစ်တာကာလအတွင်း ပွဲပေါင်း ၁၀၀ကျော် ပါဝင်ကစားခဲ့သည့် ဘောလုံးကစားသမားဟောင်းတစ်ဦး ဖြစ်သည်။ **(အင်တာနက်)**

မန်ယူဘောလုံးကြယ်ပွင့်ရွန်နေ အက်ဖ်အေစစ်ဆေးမှုမှ လွတ်မြောက်

လန်ဒန် အောက်တိုဘာ ၂၈

မန်ယူတိုက်စစ်မှူး ဝိန်းရွန်နေသည် ပရီမီယာလိဂ်ပွဲစဉ်(၉)အဖြစ် အဲဗာတန်နှင့် တစ်ဂိုးစီ သရေကျခဲ့သော ပွဲစဉ်တွင် ၎င်းတို့ အသင်းတံဆိပ်အား နမ်းရှုပ်ခဲ့မှုအတွက် အင်္ဂလန်ဘောလုံး အဖွဲ့ချုပ် (အက်ဖ်အေ)၏ အရေးယူ စစ်ဆေးမှုကို ခံရမည် မဟုတ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မန်ယူတိုက်စစ်မှူး ဝိန်းရွန်နေ

အသက် ၂၃နှစ်ရှိ အင်္ဂလန်ဘောလုံးကြယ်ပွင့် ရွန်နေသည် ၎င်း၏ အသင်းဟောင်း အဲဗာတန်အသင်းလူစားလဲနေစဉ်အချိန်၌ နှုတ်ဆက်သည့်အနေဖြင့် ယင်းအပြုအမူကို အမှတ်မထင် ပြုလုပ်ခဲ့မိသည်ဟု ဆိုသည်။

သို့သော်လည်း ယင်းအပြုအမူအတွက် ၎င်းတို့အနေဖြင့် မည်သည့်အရေးယူမှုမျိုးကိုမျှ ပြုလုပ်မည်မဟုတ်ကြောင်း အက်ဖ်အေက အတည်ပြုပြောကြားခဲ့သည်။(အင်တာနက်)

စပိန်ဥရောပတိုး ဂေါက်သီးရိုက်ပြိုင်ပွဲ ဆာဂျီယိုဂါစီယာ ဆုဖလားဆွတ်ခူး

လန်ဒန် အောက်တိုဘာ ၂၈

စပိန်နိုင်ငံတွင် ကျင်းပသော ဥရောပတိုး ကက်စတယ်လို မာစတာဂေါက်သီးရိုက်ပြိုင်ပွဲတွင် စပိန်နိုင်ငံမှ ဆာဂျီယိုဂါစီယာ **(ယာပုံ)**က သတ်မှတ်ရိုက်ချက်အောက်ရိုက်ချက် ၂၀လျှော့ရိုက်ပြီး ၂၀၀၅ ခုနှစ်နောက်ပိုင်း သူ၏ပထမဦးဆုံး ဥရောပတိုးဆုဖလားအဖြစ် ဆွတ်ခူးရရှိသွားပြီဖြစ်သည်။

ဆုဖလား

အသက် ၂၈နှစ်ရှိ စပိန်နိုင်ငံသား ဂါစီယာသည် ပြိုင်ပွဲပြီးခါနီး ကျင်းငါးကျင်းတွင် သတ်မှတ်ရိုက်ချက်အောက် တစ်ချက်စီလျှော့ရိုက်နိုင်ခဲ့သဖြင့် အခြေအနေကောင်းသွားပြီး ပွဲစဉ်တစ်လျှောက် ရိုက်ချက်၂၀လျှော့ရိုက်ကာ ရိုက်ချက်ပေါင်း ၆၇ချက်ဖြင့် ဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယ

နောက်ဆုံးအဆင့် ပတ်လည်ပြိုင်ပွဲတွင် ဆွီဒင်နိုင်ငံမှ ဟက်ဘာလွှန်သည် ရိုက်ချက်လေးချက်ပြန်းတီးသွားကာ သတ်မှတ်ရိုက်ချက်အောက် ၁၇ချက်လျှော့ရိုက်ပြီး ဒုတိယအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ **(အင်တာနက်)**

ဖရိုက်စ်ကွန်းအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကာမာရွှန်ဘက်မန် ဆုဖလားရရှိ

နယူးယောက် အောက်တိုဘာ ၂၈

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်၌ ကျင်းပသော ဖရိုက်စ်ကွန်း အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကာမာရွှန်ဘက်မန် (အပေါ်ပုံ)**ကထိပ်ဆုံးမှဦးဆောင်နေသူ ကီဗင်ဆူသာလန်အား သရေကျနေသည် ကို အဆုံးအဖြတ်ပေးသည့်ပွဲဖြင့် အနိုင်ရဗိုလ်စွဲကာ ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။**

အရီဇိုးနားပြည်နယ် ဂရေးဟော့ ဂေါက်ကလပ်၌ ကစားသော ယင်းအဆုံးအဖြတ်ပွဲစဉ်တွင် ဘက်မန်သည် ဆူသာလန်ထက် ရိုက်ချက်သုံးချက် လျှော့ရိုက်ကာ သတ်မှတ် ရိုက်ချက်အောက် စုစုပေါင်း အချက် ၂၀လျှော့ရိုက်နိုင်ခဲ့ပြီး ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လျှော့ရိုက်

ယင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝေလမှ ရစ်ချတ်ဂျွန်ဆင်က သတ်မှတ်ရိုက်ချက်ထက် ငါးချက်သာ လျှော့ရိုက်နိုင်ခဲ့ပြီး အင်္ဂလန်မှ ဘရိုင်ယန်ဒါဗစ်က သတ်မှတ်ရိုက်ချက်အောက် တစ်ချက်သာ လျှော့ရိုက်နိုင်ခဲ့သည်။ (အင်တာနက်)

ချစ်စိုးနိုင် ရေးသားသည်

ဘာကာကို အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည့် အီတူး

မြင့်မောင်စိုး စုစည်းရေးသား၍ သောင်းရွှေ (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

မက်ဒရစ် အောက်တိုဘာ ၂၈

ဆင်မြုရယ်အီတူးသည် နည်းပြသစ် ဂတ်ဒီယိုလာနှင့်အတူ ဘာစီလိုနာအသင်းအား အောင်မြင်မှု လမ်းကြောင်းပေါ်သို့ စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များဖြင့် မြှင့်တင်ပေးလိုက်ပြီ ဖြစ်သည်။

ကိုးဂိုးသွင်း

တော့တင်ဟမ်အသင်းက ခေါ်ယူရန် အပြင်းအထန်ကြိုးစားခဲ့သော ကင်မရွန်းလက်ရွေးစင်အီတူးသည် နည်းပြ ဂတ်ဒီယိုလာနှင့်အတူ ဆက်ဆံရေး တိုးတက်ကောင်းမွန်လာပြီးနောက် ယခုနှစ် စပိန်လာလီဂါတွင် ရှစ်ပွဲကစားပြီး ကိုးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ပံ့ပိုးပေးခဲ့

ပြီးခဲ့သည့် သီတင်းပတ်တွင် ဘာကာက အာမေးနီးယားအသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ယင်းပွဲစဉ်တွင် တိုက်စစ်မှူး အီတူးက ၂၃မိနစ်အတွင်း ဟက်ထရစ် ဂိုးသွင်းယူခဲ့သည်။ ယင်း ဟက်ထရစ်ဂိုးမှာ ဘာကာဘောလုံးသမိုင်းတွင် အမြန်ဆုံး ဟက်ထရစ်ဂိုးဖြစ်ခဲ့သည်။ ယခုအခါအီတူး၏ ပွဲတိုင်းကျော်ဂိုးများကြောင့် ဘာကာတို့ စပိန်လာလီဂါ အမှတ်ပေးဇယားတွင် ဗလင်စီယာ အသင်းနောက်မှ ဒုတိယနေရာသို့ ရောက်ရှိလာပြီဖြစ်သည်။ ဗလင်စီယာအသင်းက ရှစ်ပွဲကစားအပြီး ရမှတ်၂၀ဖြင့် ဦးဆောင်နေချိန်တွင် ဘာကာက ၁၉မှတ်ဖြင့် ဒုတိယနေရာမှ လိုက်လာခြင်းဖြစ်သည်။ ''ကျွန်တော်ဂိုးတွေဆက်တိုက်သွင်းနိုင်အောင် ဇာဗီနဲ့ မက်ဆီတို့က လည်း အများကြီး ပံ့ပိုးပေး ခဲ့ပါတယ်'' ဟု တိုက်စစ်မှူးအီတူးက ပြောကြားသည်။

သိထားဖို့လို

''ကျွန်တော်တို့တိုက်စစ်မှူးတွေဟာ ဂိုးတွေ အများကြီးသွင်းပြနိုင်တဲ့ ခြေစွမ်းရနေပါပြီ။ ဒါပေမယ့် ကျွန်တော်တို့ ကြိုးစားရမှာပါ။ ဒါမှ နိုင်ပွဲတွေ ဆက်တိုက်ရပြီး အသင်းအောင်မြင်ရေးအတွက် အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ဖလားရဖို့ဆိုတာ အသင်းကြီးတွေကို အနိုင်ရရုံနဲ့ မလုံလောက်ပါဘူး။ သူတို့ရဲ့ ခြေစွမ်းကိုလည်း သိထားဖို့လိုပါတယ်''ဟု အီတူးက ဆက်လက်ပြောကြားသည်။

ဘာစီလိုနာအသင်းသည် ၃၅နှစ်တာကာလအတွင်း အဆိုးရွားဆုံး အခြေအနေသို့ ရောက်ရှိခဲ့ပြီးနောက် အီတူးအနေဖြင့် ဗလင်စီယာမှ ဒေးဗစ်ဗီလာနှင့်အပြိုင် ဂိုးများ သွင်းယူပေးလျက်ရှိသည်။

တိုက်စစ်မှူး အီတူးနှင့် သူ၏ပရိသတ်များ

ပြန်လည်ရောက်ရှိ

ဘာကာတို့ နည်းပြရစ်ကတ်လက်ထက်တွင် ဖလားနှစ်လုံး ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့သော်လည်း ပြီးခဲ့သော ရာသီက အဆိုးရွားဆုံး ရလဒ်တွေကြောင့် ဖလားလက်လွတ် ဖြစ်ခဲ့ရသည်။ သို့သော် နည်းပြ ဂတ်ဒီယိုလာလက်ထက် ပြီးခဲ့သည့် ပြိုင်ပွဲများက အက်သလက်တီကိုအား ခြောက်ဂိုး-တစ်ဂိုး၊ ဘေဆယ်ကို ငါးဂိုးပြတ်၊ အာမေးနီးယားကို ငါးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်တန်းနေရာသို့ ပြန်လည်ရောက်ရှိလာသည်။

ပြန်လည်ရောက်ရှိ

''ကစားသမားတွေရဲ့ စိတ်ဓာတ်ရေးရာကို မြှင့်တင်ပေးနိုင်ခဲ့လို့ ယခုလို အောင်မြင်ရေး လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်ခဲ့တာဖြစ်ပါတယ်'' ဟု နည်းပြ ဂတ်ဒီယိုလာက ဆိုသည်။

မခဲယဉ်း

''အရေးကြီးဆုံး ပြိုင်ပွဲတွေမှာ ဆက်တိုက်အနိုင်ရအောင်လည်း ကြိုးစားသွားမှာပါ။ ဒီအောင်ပွဲတွေကို ရာသီအကုန် အထိသယ်ဆောင်သွားမယ်ဆိုရင် ကျွန်တော်တို့အသင်း ချန်ပီယံဖြစ်ဖို့မခဲ ယဉ်းပါဘူး''ဟု နည်းပြက ပြောကြားသည်။

ခြေစွမ်းပြ

ဘာစီလိုနာအသင်းသည် လာမည့် ပွဲစဉ်(၉)တွင် လေးပွဲဆက်တိုက် အနိုင်ရခဲ့သည့် မာလာဂါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပွဲသည် ဘာစီလိုနာအတွက် အရေးကြီးဆုံးသော ပြိုင်ပွဲကြီးတစ်ရပ် ဖြစ်လာမည် ဖြစ်သည်။ ဘာကာ တိုက်စစ်မှူးများအနေဖြင့် ခြေစွမ်းပြဂိုးများ သွင်းပြနိုင်မှသာလျှင် ဘာကာ၏ အောင်မြင်ရေးလမ်းကြောင်းကို ဆက်ထိန်းထားနိုင်လိမ့်မည်ဖြစ်သည်။ ။ **(အင်တာနက်)**

ဆားဗီးယားတင်းနစ်မယ် အီဗန်နိုဗစ် လင့်ဇ်ချန်ပီယံဖလား အနိုင်ရဆွတ်ခူး

ဗီယင်နာ အောက်တိုဘာ ၂၈

ဆားဗီးယား ထိပ်တန်းတင်းနစ် အားကစားမယ် အီဗန်နိုဗစ်သည် ဩစတြီးယားနိုင်ငံ လင့်ဇ်ဒဗလျူတီအေ ချန်ပီယံရှစ် ပြိုင်ပွဲတွင် ရုရှားမှ ဇဗိုနာရေးဗားအား ၆-၂၊ ၆-၁ ဖြင့် အနိုင်ရပြီး ဆုဖလားနှင့်အတူဆုကြေးငွေ အမေရိကန်ဒေါ်လာ ၆၀၀၀၀၀ ဆွတ်ခူးရရှိသွားသည်။

လင့်ဇ်ဖလားပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီးနောက် အောင်ပွဲခံနေသော အီဗန်နိုဗစ်။

အီဗန်နိုဗစ်သည် လက်ရှိကမ္ဘာ့အဆင့် ၄ တွင်ရှိသည်။ ၎င်းသည် ကမ္ဘာ့နံပါတ်တစ် သို့လည်း တက်ရောက်နိုင်ခဲ့ဖူးသူဖြစ်သည်။ အသက် ၂၁နှစ်ရှိ အီဗန်နိုဗစ်သည် သုံးနှစ်တာအတွင်း ထိပ်တန်းတင်းနစ်မယ်ဖြစ်လာခြင်းဖြစ်သည်။

ဆားဗီးယားတင်းနစ်မယ် အီဗန်နိုဗစ်သည် သူ၏အသက် ၂၁နှစ်မြောက်မွေးနေ့တွင် ရှစ်လုံးမြောက် ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ယခုနှစ်အတွင်း ဖလားသုံးလုံး ဆွတ်ခူးထားသူလည်းဖြစ်သည်။ ယင်းဖလားသုံးလုံး ဆွတ်ခူးခဲ့ရာတွင် ရိုးလန်းဂါရို့စ်ဖလားလည်း အပါအဝင်ဖြစ်သည်။ ပါရီမြို့၌ ရိုးလန်းဂါရို့စ်ဖလားကို ဆွတ်ခူးခဲ့ပြီးနောက် သူမသည် ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ် ဖြစ်လာခဲ့သည်။ **(အင်တာနက်)**

အောင်ပွဲခံ

အင်ဒိုနီးရှား လက်ဝှေ့သမား ခရစ်ဂျွန် အနိုင်ရပြီး အောင်ပွဲခံနေစဉ်။

အင်ဒိုနီးရှားလက်ဝှေ့သမား ဂျပန်လက်ဝှေ့သမားကို အနိုင်ယူပြီး ချန်ပီယံဖြစ်လာ

တိုကျို အောက်တိုဘာ ၂၈

အင်ဒိုနီးရှားနိုင်ငံမှ လက်ဝှေ့အကျော်အမော် ခရစ်ဂျွန်သည် ဂျပန်နိုင်ငံတိုကျိုမြို့၌ ကျင်းပသော ဒဗလျူဘီအေ ဖယ်သာဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲတွင် ဂျပန်လက်ဝှေ့သမား ဟီရိုယူကီအီနိုကီအား အနိုင်ရပြီး ချန်ပီယံဖြစ်လာခဲ့သည်။

ဆွတ်ခူးနိုင်

ခရစ်ဂျွန်သည် ယင်းပြိုင်ပွဲတွင် အီနိုကီအား ၁၁၈-၁၁၀၊ ၁၁၈-၁၁၀၊ ၁၁၇-၁၁၁အမှတ်များဖြင့်နိုင်ပြီး ဖယ်သာဝိတ်တန်းချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အီနိုကီသည် ယင်းပြိုင်ပွဲတွင် ပထမဆုံးရှုံးနိမ့်ခြင်းဖြစ်သည်။ ဂျွန်သည် လက်ဝှေ့သမားဘဝတစ်လျှောက် ၄၂ပွဲထိုးသတ်ခဲ့ရာတွင် သရေတစ်ပွဲသာရှိပြီး ရှုံးပွဲမရှိသူဖြစ်သည်။ အီနိုကီသည် ၂၇ပွဲထိုးသတ်ရာတွင် တစ်ပွဲရှုံး၊ နှစ်ပွဲသရေကျခဲ့သည်။ **(အင်တာနက်)**



အမည်ပြောင်း

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်၊ အေးမေတ္တာလမ်းနေ အဖဦးဝင်းထိန်၏ သား မောင်နန်းဦးအား ယနေ့မှ စ၍ မောင်နိုင်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်နိုင်ဇော်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အောင်တိုး ၁၂/ ဒဂတ (နိုင်)၀၅၄၂၄၉ ၏ Passport စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၅၉၉၃၁၈။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂) နယ်မြေ(၁၇)၊ သံလွင်လမ်း၊ အမှတ် ၅နေ အဖ ဦးလိယုံခွင်နှင့် အမိ ဒေါ်ချင်လင်းတို့၏သားမောင်ကျော် ကျော်သည် မိဘများအား ဂုဏ် သိက္ခာ ညှိုးနွမ်းအောင် ပြုလုပ်ပြီး မိဘစကား နားမထောင်ပါသဖြင့် ၂၇-၁၀-၂၀၀၈ ရက်မှ စတင်၍ သား အဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများ အား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

ဦးလိယုံခွင်-ဒေါ်ချင်လင်း။

FMI City
(Director, Red Wind Enterprises)
M.B.,B.S (Ygn), M.B.A (1st Year)
Product Specialist (United Pharma Co.,Ltd.)
နှင့်
Chairman, SWESONE MEDIA GROUP
MD, IHBC (International Health & Beauty Centre)
M.B.,B.S (Ygn), D.B.A (UK)
Chief of Staff (The MYANMAR TIMES)
Sedona Hotel

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အမှတ် ၉၊ နဝဒေးလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်နေ ဦးဇော်ဝင်းထွဋ် (Emperor Music Group)-ဒေါ်မေခိုင်အုံးတို့၏သား

မောင်ဝင်းထွဋ်သော်တာ(ခ) အီတိုး

နှင့်

ရန်ကုန်မြို့၊ အမှတ် ၁၊ သီရိရတနာလမ်း၊ ဘောက်ထော်၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ သီရိသုဓမ္မ မဏိဇောတဓရ ဦးနေဝင်းထွန်း (ဥက္ကဋ္ဌ၊ Ruby Dragon Companies)- ဒေါ်နန်းအေးမြင့် (ဒါရိုက်တာ၊ Ruby Dragon Companies)တို့၏သမီး

မမြင့်မြတ်သူ

တို့၏ ၂၅-၁၀-၂၀၀၈ရက် Sedona Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာ အောင်စံပယ်ပန်းကုံးချီးမြှင့်ခြင်းနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မလာရောက် နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာဘိသေက အကျိုးတော်ဆောင်အဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာ ပန်းကြဲပေးပါသော မဝင်းထွဋ်တာရာ(ခ)ချန်ချန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ကိုင်ဆောင်ပေးပါသော မမျိုးရွှေရီဝိုင်း၊ မင်္ဂလာလက်စွပ်ဗန်းသယ်ဆောင်ပေးပါသော မယုဇနမုံး၊ သတို့သားအရံများအဖြစ်ဆောင်ရွက် ပေးပါသော မောင်စိုင်းကောင်ခမ်း၊ မောင်အောင်မိုး၊ မောင်နေသစ်လွမ်း၊ သတို့သမီးအရံများအဖြစ်ဆောင်ရွက် ပေးပါသော မသီရိ၊ မဖြူလှိုင်မင်း၊ မထက်မျိုးထွဋ်အောင်၊ ရှေ့ထွက်အရံများအဖြစ် ဆောင်ရွက်ပေးသော မောင်အောင်သူရဟိန်း၊ မောင်ရဲဝဏ္ဏလွင်၊ မယွန်းဝတီလွင်မိုး၊ မသဒ္ဒါစံတို့အားလည်းကောင်း၊ သတို့သမီးနှင့် အရံဝတ်စုံ ဒီဇိုင်နာ မမဥ္ဇူ၊ မိတ်ကပ်ဆံပင်အလှပြင်ပေးပါသော မိတ်ကပ် စိုးစိုးနှင့်အဖွဲ့၊ မိတ်ကပ် ကိုမာနှင့် အဖွဲ့၊ ကိုထိုက်(Smile)နှင့်အဖွဲ့၊ အရံများအား မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော May & Mark Jewellary မှ ဒေါ်ခေါင်နန်းအားလည်းကောင်း၊ ပန်းအလှပြင်ပေးပါသော ဦးလင်းလင်းနှင့်အဖွဲ့၊ Eternal Floral မှ မနီလာနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသော ဦးစိုင်းဘုန်းထူး၊ ကိုဝဏ္ဏခွာနီး၊ ကေသောင်း၊ မိုးမင်း(Rays)၊ ခင်မောင်လေး(Picture Man)နှင့်မိုးဇော်တို့အားလည်းကောင်း၊ Sedona Hotel မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ Wedding Cake စီစဉ်ဆောင်ရွက်ပေးပါသော ရွှေပုစွန်မုန့်တိုက်အားလည်းကောင်း၊ မီးအလှဆင်ပေးပါသော ဦးအမိုင်းနှင့်အဖွဲ့၊ မင်္ဂလာဓာတ်ပုံရိုက်ရာတွင် အဘက်ဘက်မှကူညီပေးပါသော ဦးအောင်မင်း (Magic Gallary)အား လည်းကောင်း၊ အကများဖြင့် ဖျော်ဖြေရာတွင် ကူညီပေးသော ဆရာမကြီး ဒေါ်နုနုစိန်(ယဉ်ကျေးမှုဌာန)နှင့် အဖွဲ့အားလည်းကောင်း၊ အဘက်ဘက်မှကူညီဆောင်ရွက်ပေးပါသော Ruby Dragon Companies ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းထွဋ်သော်တာ(ခ)အီတိုး-မမြင့်မြတ်သူ။

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မန္တလေးတက္ကသိုလ် သမိုင်းကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

မန္တလေးတက္ကသိုလ် သမိုင်းကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးတက္ကသိုလ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ပူဇော်ပွဲတွင် အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၄၇ ဦးတို့အား ပူဇော်ကန်တော့ ကြမည်ဖြစ်ရာ မန္တလေးတက္ကသိုလ်တွင် နေ့သင်တန်း၊ ညနေသင်တန်း၊ စာပေးစာယူ၊ အဝေးသင်ဖြင့် ပညာသင်ကြားသွားခဲ့ကြသော သမိုင်းကျောင်းသား၊ ကျောင်းသူဟောင်း များအားလုံး တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် မိတ်ဆုံညစာစားပွဲကို ယင်းနေ့ ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဒေါက်တာ စိုင်းနော်ခေး (ပါမောက္ခ၊ ဌာနမှူး၊ မန္တလေးတက္ကသိုလ်) ဖုန်း-၀၉-၅၁၃၆၈၈၁၊ ဒေါက်တာမောင်ချို(ပါမောက္ခ၊ဌာနမှူး၊ ရတနာပုံတက္ကသိုလ်) ဖုန်း-၀၉-၂၀၂၉၃၇၀၊ ဒေါက်တာရီရီဝင်း (ပါမောက္ခ၊ မန္တလေး တက္ကသိုလ်) ဖုန်း-၀၉-၂၀၀၁၂၂၄ ၊ ကိုနေလင်းမောင်မောင် ဖုန်း-၀၉-၂၀၂၃၉၉၈၊ ကိုလှဘုန်း ဖုန်း-၀၉-၂၀၁၂၉၄၆၊ မအေးအေးမြင့် ဖုန်း-၀၉ -၂၀၄၂၄၇၁နှင့် မခင်နွယ်တင့် ဖုန်း- ၀၉-၂၀၃၈၇၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂူရှူးအားကစားအဖွဲ့ဝင်များ တရုတ်သို့ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှင်ယန်းမြို့၌ အောက်တိုဘာ ၂၈ရက်မှ နိုဝင်ဘာ ၂ရက် အထိ ကျင်းပမည့် တတိယအကြိမ်မြောက် ကမ္ဘာ့ရိုးရာ ဂူရှူးအားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရန် မြန်မာဂူရှူးအားကစားအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက လေကြောင်း ခရီးဖြင့် ထွက်ခွာသွားကြရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂူရှူး အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

အကြွေးကိစ္စစကားများရာမှ ဓားထိုးမှုကျူးလွန်သူအား ဖမ်းဆီးအရေးယူ

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဆင်ရေတွင်းမှတ်တိုင်အနီး လူသတ်မှုဖြစ်ပွားခဲ့မှုကို ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့နှင့် ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့တို့မှ ရဲတပ်ဖွဲ့ဝင် များကနာရီပိုင်းအတွင်း ဖော်ထုတ်နိုင်ခဲ့သည်။

အရေးယူ

ဖြစ်ပွားပုံမှာ အောက်တိုဘာ ၂၂ရက် ညနေ ၃နာရီခန့်က ကမာရွတ်မြို့နယ် အမှတ်(၂) ရပ်ကွက် ဆင်ရေတွင်းမှတ်တိုင် အနီး လူတစ်ဦးဓားထိုးခံရကြောင်း သတင်း ရရှိသဖြင့် ကမာရွတ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ က သွားရောက်စစ်ဆေးရာ ဓားဖြင့်အထိုးခံ ရသူမှာ ဇုန်ဇော်(၂၃)နှစ်နှင့် စိုင်းခွန်(၂၆) နှစ် တိုက် ၁၆ အခန်း ၂/ဘီ ဆင်ရေတွင်း ၁ လမ်း (၂)ရပ်ကွက် ကမာရွတ်မြို့နယ် နေသူများဖြစ်ပြီး ဇုန်ဇော်မှာ ညာဘက်ရင်အုံ ထိုးသွင်းပြတ်ရှဒဏ်ရာ၊ ဝမ်းဗိုက်ချက်တိုင် တွင် ထိုးသွင်းပြတ်ရှဒဏ်ရာများ ရရှိကာ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင် သေဆုံးသွား သဖြင့် ကမာရွတ်ရဲစခန်းမှ (ပ)၂၇၉/ ၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၃၂၆ ဖြင့် အမှုဖွင့် အရေးယူခဲ့သည်။

ဖမ်းဆီးရမိ

ပြစ်မှု ကျူးလွန်သူအား ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့နှင့် ကမာရွတ်ရဲစခန်းတို့မှ တပ်ဖွဲ့ဝင် များက စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန် သူ နဘာလအောင်(၂၃)နှစ်(ဘ)ဦးဇော်အောင် မ-၁၃၁ အောင်ဇေယျလမ်း လွတ်လပ်ရေး ရပ်ကွက် အလုံမြို့နယ်နေသူအား အောက် တိုဘာ ၂၂ရက် ည ၁၀နာရီ မိနစ် ၄၀တွင် မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတည်းခို ခန်း၌ တည်းခိုနေစဉ် ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေး

ပြစ်မှုကျူးလွန်သူ နဘာလအောင်အား စစ်မေးရာ အကြွေးကိစ္စစကားများ ရန်ဖြစ် ရာမှ ဓားဖြင့် ထိုးခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံ ထွက်ဆိုသဖြင့် ၎င်းအားကမာရွတ်ရဲစခန်းမှ ဆက်လက် စစ်ဆေးလျက်ရှိကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

နွားထိုးကြီးမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် အောက်တိုဘာ ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်သည် အောက်တိုဘာ ၂၅ရက် နံနက်ပိုင်းတွင် ခက်လန်း ကျေးရွာ၌ ကျင်းပသည့် ခက်လန်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် နွားထိုးကြီးမြို့နယ် သစ်တောဦးစီးဌာန သဘာဝ ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန မင်းစုံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ရှားပါးမျိုးနွယ်ဖြစ်သည့် ကြယ်လိပ်မွေးမြူထားရှိမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တပါယ်ကျေးရွာရှိ တပါယ်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲသို့ တက်ရောက်သည်။

ကွန်ပျူတာပေးအပ်

ယင်းနောက် ဒုတိယဝန်ကြီးသည် လုံးတော-သမန်းတောကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ကြီးရုံးခန်း၌ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အတွက် ကျပ်ခုနစ်သိန်းတန်ဖိုးရှိ ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ဦး ထံပေးအပ်သည်။

တွေ့ဆုံမှာကြား

ဒုတိယဝန်ကြီးသည် အောက်တိုဘာ၂၆ရက် နံနက်ပိုင်းတွင် နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ နွားထိုးကြီးမြို့ စက်မှုရပ်ကွက် တည်ဆောက် ရေးနှင့် ပတ်သက်၍ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

ပြောင်းဖူး အများဆုံးဖူးသော ပြောင်းဖူးပင်

ဗြိတိန်နိုင်ငံ ဟီရက်ဖို့မြို့ လက်ဘူရီလမ်းနေ မာ့ခ်ဝူဇင်ခရော့စ် စိုက်ပျိုးထားသော ပြောင်းဖူးပင်တစ်ပင်သည်ထူးခြားစွာပြောင်းဖူး ၁၁ဖူး ဖူးသဖြင့် ပြောင်းဖူးအများဆုံးဖူးသော ပြောင်းပင်အဖြစ် ဂင်းနက်စ်စံချိန်တင်ခဲ့သည်။**(အောက်ပုံ)**

မာ့ခ်ဝူဇင်ခရော့စ်သည် စိုက်ပျိုးရေး ကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး ယခင်က ပြောင်းဖူးချိုပင်များ မစိုက်ပျိုးခဲ့ဖူးဘဲ ယခုပထမဆုံးအကြိမ် စိုက်ပျိုးရာမှ ထူးခြားစွာ စိုက်ပျိုးဖြစ်ထွန်းပြီး ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်ဓာတ်ပုံ)

ဖြစ်မှဖြစ်ရလေ... ဘဝအမောပြေ

တစ်ခုသောညနေခင်း၌ ဆရာဝန်ထံသို့ လူတစ်ဦးရောက်ရှိလာကာ သူခံစားနေရသော အကြောင်းအရာများကို ဆွေးနွေးပြောကြားလေသည်။

လူတစ်ဦး ။ ။ ကျွန်တော် ကားမောင်းစစ်ဆေးမှုတွေ ပြုလုပ်တဲ့အချိန်မှာဆိုရင် အရမ်းရင်ခုန်ပြီး ကြောက်လန့်နေမိတယ်ဆရာရယ်။

ဆရာဝန် ။ ။ သိပ်စိုးရိမ်ပြီး ကြောက်စိတ်ဝင်တယ်ဆိုတော့ ခင်ဗျားက ကားမောင်းလိုင်စင်ရအောင် အစစ်ဆေးခံတဲ့သူလား။

လူတစ်ဦး ။ ။ မဟုတ်ပါဘူး၊ ကျွန်တော်က ကားမောင်းအရည်အချင်း စစ်ဆေးတဲ့လူပါ။

ဆရာဝန် ။ ။ "ဗျာ"

လက်လုပ်လေယာဉ်ငယ် အများဆုံး စုစည်းနိုင်သူ

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် ပရက်စကော့မြို့မှ ဂျွန်ဒဗလျူကာလူဆာသည် လက်ဖြင့်လုပ်ပြီး အင်ဂျင်စက်ငယ်များဖြင့်ပျံသန်းနိုင်သည့်လေယာဉ် အသေးစား ၅၈၂၉စင်းကို စုဆောင်းနိုင်သည့်အတွက် လက်လုပ်လေယာဉ် အငယ်စားလေးများကို အများဆုံးစုဆောင်းနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း ဝင်ခဲ့သည်။ (အပေါ်ပုံ)

၂၀၀၃ခုနှစ်တွင် ကာလူဆာကွယ်လွန်ပြီးနောက် ၎င်း၏မိသားစုက ၎င်း ပြုလုပ်စုစည်းထားသမျှ လေယာဉ်ငယ်လေးများကို အမ်ဘရီရစ်ဒယ်လ် အာကာသတက္ကသိုလ်သို့ လှူဒါန်းခဲ့ပြီးမှ ယခုကဲ့သို့ ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခံခဲ့ရခြင်းဖြစ်သည်။ (အင်တာနက်ဓာတ်ပုံ)

သူတို့ အတွေးနှင့် အမြင်

Who so ever you go, go with all your heart.

မည်သူနှင့်ပေါင်းသင်းသည်ဖြစ်စေ စိတ်ရင်းစေတနာမှန်ဖြင့်သာ ပေါင်းသင်းဆက်ဆံပါ။

ကွန်ဖြူးရှပ်စ် (တရုတ်လူမျိုး အတွေးအခေါ်ပညာရှင်)

I don't want to be a passenger in my own life.

ကျွန်ုပ်ပိုင်ဆိုင်သော ဘဝခရီးတွင် ခရီးသည်တစ်ဦးပမာ မလိုက်ပါလိုပေ။

ဒီယာနီအက်ကာမန် (အမေရိကန်လူမျိုး အတွေးအခေါ်ပညာရှင်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

ကမ္ဘာ့ အထင်ကရ ပုဂ္ဂိုလ်များ

ပြင်သစ်စစ်ဘုရင်ကြီး နပိုလီယန်ဘိုနာပတ်

(၁၇၆၉-၁၈၂၁)

ကမ္ဘာ့ကျော်ပုဂ္ဂိုလ်ကြီးများအများအပြားရှိရာ ထိုအထဲတွင် စစ်ရေးစစ်ရာကျွမ်းကျင်ပြီး ကမ္ဘာကြီးတစ်ခုလုံးကို ကိုင်လှုပ်နိုင်ခဲ့သည့် ပြင်သစ်စစ်ဘုရင်ကြီး နပိုလီယန်ဘိုနာပတ်**(ယာပုံ)**သည်လည်းတစ်ဦးအပါအဝင်ဖြစ်သည်။

ဧကရာဇ် တစ်ဦးဖြစ်

သမိုင်းတွင် အရှိန်အဝါအကြီးမားဆုံး စစ်ခေါင်းဆောင်များစွာရှိသည့်အနက် နပိုလီယန်သည်တစ်ဦးအပါအဝင်ဖြစ်ပြီး ဥရောပတိုက်၏ ဒေသအမြောက်အမြားကို စစ်အောင်နိုင်ခဲ့သည့် ပြင်သစ်ဧကရာဇ်တစ်ဦးလည်း ဖြစ်သည်။

ဆောင်ရွက်နိုင်

ပြင်သစ်စစ်ဘုရင်ကြီး နပိုလီယန်ကို ၁၇၆၉ခုနှစ် ဩဂုတ် ၁၅ရက်တွင် မြေထဲပင်လယ်တွင်းရှိ ပြင်သစ်နိုင်ငံပိုင် ကော်ဆီကာကျွန်းတွင် ဂုဏ်သရေရှိမိသားစုမှ မွေးဖွားခဲ့သည်။ စစ်ပညာသင်ကျောင်းတွင် ပညာသင်ယူခဲ့ပြီး ရာထူး လျင်မြန်စွာတက်ခဲ့ကာ ၁၇၉၆ခုနှစ်၌ အီတလီရှိ ပြင်သစ်စစ်တပ်အတွက် တပ်မှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီးနောက် ဩစတြီးယားနိုင်ငံအား အောင်နိုင်ခဲ့သည်။ ထို့အပြင် မဟာမိတ်များနှင့် ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းနိုင်ခဲ့သည်။

၁၇၉၈ခုနှစ်တွင် ဗြိတိသျှနှင့်အိန္ဒိယတို့၏ကုန်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ရန် ကြိုးပမ်းသည့်အနေဖြင့် အော်တိုမန်တို့အုပ်စိုးသော အီဂျစ်နိုင်ငံကို အောင်နိုင်ခဲ့သည်။ ဗြိတိသျှတို့နှင့်တိုက်ခိုက်ခဲ့သော နိုင်းမြစ်ဝှမ်းတိုက်ပွဲတွင် နပိုလီယန်သည် ခြေထောက်ဒဏ်ရာရရှိခဲ့ပြီး အီဂျစ်၌ သောင်တင်နေခဲ့သည်။

ပြန်လည်ပြုပြင်ဆောင်ရွက်

ထို့နောက်ပြင်သစ်နိုင်ငံသည်၎င်း၏မဟာမိတ်သစ်နိုင်ငံများဖြစ်သည့် ဩစတြီးယားနိုင်ငံနှင့်ရုရှားနိုင်ငံတို့က ဗြိတိန်နိုင်ငံနှင့် မဟာမိတ်ဖွဲ့သည့် ပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည်။ နပိုလီယန်သည် ပါရီမြို့သို့ပြန်လာချိန်တွင် ပြင်သစ်အစိုးရအနေဖြင့် အကျပ်အတည်းနှင့် ရင်ဆိုင်နေခဲ့ရသည်။ ၁၇၉၉ခုနှစ် နိုဝင်ဘာလတွင်နပိုလီယန်သည် ပထမဦးဆုံးကောင်စစ်ဝန်ဖြစ်လာသည်။ ၁၈၀၂ခုနှစ်တွင်နပိုလီယန်သည်တစ်သက်တာ ကောင်စစ်ဝန်အဖြစ်ခန့်အပ်ခံခဲ့ရပြီး နှစ်နှစ်အကြာတွင် ဧကရာဇ် ဖြစ်လာခဲ့သည်။ နပိုလီယန်သည် ဗဟိုအစိုးရချုပ်ကိုင်မှု၊ ဘဏ္ဍာတိုက်တို့ကိုကြီးကြပ်ကွပ်ကဲခဲ့ရပြီး ရိုမန်ကက်သလစ် အဖွဲ့တွင်လည်း ရာထူးခန့်အပ်ခံခဲ့ရသည်။ ထို့ကြောင့် သူသည် ပြင်သစ်နိုင်ငံ၏ဘာသာရေးနှင့်ဥပဒေကို နပိုလီယန်စည်းမျဉ်းအရ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့သည်။

> **၁၈၀၂ခုနှစ်တွင် နပိုလီယန်သည် တစ်သက်တာ ကောင်စစ်ဝန်အဖြစ် ခန့်အပ်ခံခဲ့ရပြီး နှစ်နှစ်အကြာတွင် ဧကရာဇ်ဖြစ်လာခဲ့၊ နပိုလီယန်သည် ဗဟိုအစိုးရ ချုပ်ကိုင်မှု၊ ဘဏ္ဍာတိုက်တို့ကို ကြီးကြပ်ကွပ်ကဲခဲ့ရပြီး ရိုမန်ကက်သလစ်အဖွဲ့တွင်လည်း ရာထူးခန့်အပ်ခံခဲ့ရ။**

ညှိနှိုင်းဆွေးနွေး

၁၈၀၀ပြည့်နှစ်တွင် နပိုလီယန်သည် အီတလီနိုင်ငံ အနောက်မြောက်ပိုင်းရှိ ပီးမောင့်ခရိုင် မာရင်ဂိုကျေးရွာတွင် ဩစတြီးယားတို့အပေါ် အောင်နိုင်ခဲ့သည်။ ထို့နောက် သူသည် ဥရောပတိုက်တွင် ပြင်သစ်ဩဇာအာဏာကိုထူထောင်သည့်အနေဖြင့် အထွေထွေဥရောပငြိမ်းချမ်းရေးကို စေ့စပ်ညှိနှိုင်းဆွေးနွေးခဲ့သည်။

နှိမ်နင်းနိုင်ခဲ့

၁၈၀၃ခုနှစ်တွင်ဗြိတိန်က ပြင်သစ်ကိုစတင်စစ်ပြုသည်။ နောက်ပိုင်းတွင် ဗြိတိန်ဘက်မှ ရုရှားနှင့်ဩစတြီးယားတို့ ပါဝင်လာသည်။ ၁၈၀၅ခုနှစ်၌ ထရာဖယ်လ်ဂါဒေသ၌ ပြင်သစ်တို့အား ဗြိတိန်ရေတပ်က ဖျက်ဆီးအနိုင်ယူနိုင်ခဲ့သည်။ ထို့ကြောင့် နပိုလီယန်သည် အင်္ဂလန်နိုင်ငံအား ကျူးကျော်ရန် အစီအစဉ်ကို စွန့်လွှတ်ပြီး ဩစတြီးယားနှင့် ရုရှားတပ်ဖွဲ့များဘက်သို့ စစ်မျက်နှာလှည့်ကာ ယင်းနှစ်နှောင်းပိုင်းတွင် အော်စတာလစ်ဇ်အရပ်၌ ၎င်းတပ်ဖွဲ့များကို နှိမ်နင်းနိုင်ခဲ့သည်။

ရာထူးများအပ်နှင်းခဲ့

ဥရောပအား ချုပ်ကိုင်စိုးမိုးရန် အကြောင်းပြခဲ့သော ပရပ်ရှားကျွန်းအပါအဝင် နယ်ပယ်သစ်အမြောက်အမြားကို နပိုလီယန်ရရှိခဲ့သည်။ ရောမအင်ပါယာတစ်ခုလုံး ပျက်စီးပျောက်ကွယ်သွားခဲ့ပြီး ဟော်လန်နိုင်ငံနှင့်ဝက်စ်ဖာလီယာဒေသတို့ပေါ်ပေါက်လာပြီးနောက် ငါးနှစ်အကြာတွင် နပိုလီယန်၏ ဆွေမျိုးများနှင့် သစ္စာခံများအား ဟော်လန်၊ ဝက်စ်ဖာလီယာ၊ အီတလီ၊ နေပယ်လ်၊ စပိန်နှင့် ဆွီဒင်တို့တွင် ရာထူးများ အပ်နှင်းခဲ့သည်။

မွေးဖွား

လက်ထပ်ပြီး ကလေးမရသော နပိုလီယန်သည် ၁၈၁၀ပြည့်နှစ်တွင် သူနှင့်ဂျိုစ်ဖင်းဒီဘော်ဟာနစ်တို့၏ အိမ်ထောင်ရေးကို တစ်စခန်းရပ်ကာ ဖျက်သိမ်းပစ်ခဲ့ပြီးနောက် သူ၏အမွေကိုဆက်ခံမည့် မျိုးဆက်ရရှိရန် မျှော်လင့်လျက် ဩစတြီးယားဧကရာဇ်၏သမီးနှင့် လက်ထပ်ခဲ့ပြန်သည်။ တစ်နှစ်အကြာတွင် သားနပိုလီယန်ကို မွေးဖွားခဲ့သည်။

၁၈၀၈ ခုနှစ်တွင် ကျွန်းဆွယ်စစ်ပွဲ စတင်ခဲ့သည်။ နောက်ငါးနှစ်အကြာတွင် ပြင်သစ်တို့ စစ်နိုင်သော်လည်း စစ်စရိတ်ကြီးမားမှုကြောင့် ပြင်သစ်တပ်ဖွဲ့များ စစ်ဆုတ်ခွာခဲ့ရသည်။ ၁၈၁၂ခုနှစ်တွင်ရုရှားသို့နပိုလီယန်၏ကျူးကျော်ဝင်ရောက်မှုသည် သဘာဝဘေးဒဏ်၊ ရာသီဥတုဒဏ်ကြောင့် ဆုတ်ခွာခဲ့ရသည်။ ရာသီဥတုသည် နပိုလီယန်၏ရန်သူများဘက်သို့ တစ်လှည့် မျက်နှာသာပေးခဲ့သဖြင့် ၁၈၁၄ခုနှစ်မတ်လတွင် ပါရီမြို့ ရန်သူ့လက်သို့ကျရောက်ခဲ့သည်။ ထို့နောက် နပိုလီယန်သည် မြေထဲပင်လယ်ကျွန်းတစ်ကျွန်းဖြစ်သည့် အယ်လ်ဘာကျွန်းသို့ ပြည်နှင်ဒဏ်ခံခဲ့ရသည်။ ၁၈၁၅ခုနှစ် မတ်လတွင် ပြည်နှင်ဒဏ်မှ ထွက်ပြေးလွတ်မြောက်ကာ ပြင်သစ်မြို့တော် ပါရီမြို့သို့ ဆက်လက် စစ်ချီခဲ့သည်။ ဝါတာလူးစစ်ပွဲသည် သူ၏တိုတောင်းသော မင်းဧကရာဇ် ဘဝကို အဆုံးသတ်စေခဲ့သည်။ ဗြိတိသျှတို့သည် ပြင်သစ်စစ်ဘုရင်ဧကရာဇ် နပိုလီယန်အား ဝေးလံခေါင်သီသော အတ္တလန္တိတ်သမုဒ္ဒရာအတွင်းမှ စိန့်ဟယ်လီနာ ကျွန်းတွင် အကျဉ်းချထားခဲ့ပြီး နပိုလီယန်သည် ၁၈၂၁ မေ ၅ရက်တွင် ၎င်းကျွန်း၌ပင် ကွယ်လွန်ခဲ့ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ရေးသားသည်

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟသ်ာတ၌ဆွေးနွေး

ဟသ်ာတ အောက်တိုဘာ ၁၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဧရာဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းသည် စက်တင်ဘာ ၃၀ရက် နံနက် ၉နာရီက ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာနှင့် ဇလွန်မြို့နယ်ရုံးများမှ ဦးစီးမှူးများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံစာကြည့်တိုက်ပညာသင်တန်း (၁/၂၀၀၈)သင်တန်းဆင်းပွဲတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းအား ထပ်ဆင့်ရှင်းလင်းပြီး ၂၀၀၈-၂၀၀၉ခုနှစ်အတွင်း မြို့နယ်အလိုက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့ရေး၊ လအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုလျာထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။(အပေါ်ပုံ)

ဆောင်ရွက်မှု

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီနှင့် မြို့နယ်ဦးစီးမှူးများက မြို့နယ်အလိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မှော်ဘီမြို့နယ်၌ ဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ အခမ်းအနားကို အောက်တိုဘာ ၂၁ရက် နံနက် ၁၀နာရီက ဆတ်သွားတောကျေးရွာ ပေလေးပင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးဇာနည်အောင်က အဖွင့်အမှာစကားပြောကြားပြီး(ယာပုံ) မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးကစာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆွေးနွေးပြောကြားသည်။

ဟောပြော

ယင်းနောက် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် ဦးနေလင်း (မောင်ချိုဝေ)က ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတရရှိရေး ဟောပြော ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်က ရှုခင်းသာ လမ်းဘေးဝဲယာနှင့် ပလက်ဖောင်းတို့တွင် အဖွဲ့ဝန်ထမ်းများဖြင့် သန့်ရှင်းရေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးဖုန်းလွင် ကွင်းဆင်းကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

အခြေခံအင်္ဂလိပ်စာသင်တန်း လားရှိုး၌ဖွင့်

လားရှိုး အောက်တိုဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံအင်္ဂလိပ်စာသင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၅ရက်က လားရှိုးတက္ကသိုလ် ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ယင်းသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီက သင်တန်းထူးချွန်သူများနှင့် အင်္ဂလိပ်သီချင်းဆိုပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်လှိုင်က တန်းခွဲအလိုက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် သီချင်းဆိုပြိုင်ပွဲတွင် ဆုရကျောင်းသားကျောင်းသူများက ဆုရသီချင်းများဖြင့် ပြန်လည်သီဆိုဖျော်ဖြေကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းအလှူပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

လက်ပံတန်းအသင်းဝင်သူအားလုံးနှင့် မဝင်ရသေးသူများ အပါအဝင် လက်ပံတန်းသူ လက်ပံတန်းသားအားလုံး စုပေါင်းအလှူဒါနပြုပွဲကို နိုဝင်ဘာ ၈ရက်(စနေနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ စင်ကာပူတိုက်သစ်၌ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် လက်ပံတန်းမြို့နယ်သူ မြို့နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(မြန်မာ့အလင်း)

တီးတိန်ပြန်/ဆက်ဝန်ထမ်းများ အရည်အသွေးမြင့်မားရေး စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

တီးတိန် အောက်တိုဘာ ၂၅

ချင်းပြည်နယ် တီးတိန်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ အောက်တိုဘာ ၂၃ရက်က ဝန်ထမ်းများ အရည်အသွေးမြင့်မားရေး စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ဒိုင်ခန့်ဒိမ်က စာဖတ်ဝိုင်းပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းသည်။

ဆက်လက်၍ စာထောက်-၃ ဒေါ်လျန်ဒိုးကျိန်က ချစ်နိုင်(စိတ်ပညာ)၏ လူငယ်နှင့်ကြီးပွားရေးစာအုပ်မှ သတိမူလျှင် မြူကိုမြင် ဆောင်းပါးကိုလည်းကောင်း၊ ဓာတ်ပုံ-၂ ဦးပေါင်ကျင့်မုန်က ဒို့ကျေးရွာဂျာနယ်အတွဲ-(၅)၊ အမှတ်(၁၄) ချစ်နိုင်(စိတ်ပညာ)၏ ရိုးသားဖြောင့်မတ်ခြင်း ဆောင်းပါးကိုလည်းကောင်း၊ ရုပ်သံ-၃ ဦးထောင်းရှင်းလန့်က ဒို့ကျေးရွာဂျာနယ်အတွဲ(၅)၊အမှတ်(၁၃)မှ ဦးသန်းထွန်း (ရွှေဘို)၏ အမြင်မှန် ဆောင်းပါးကို လည်းကောင်း၊ စာရေး ဒေါ်ဇင့်ခန့်အွပ်က ဒို့ကျေးရွာဂျာနယ် အတွဲ-(၅)၊အမှတ်(၁၃)မှ ဒေါက်တာမတင်ဝင်း၏ အဖိုးတန်အရာတိုင်းကိုသုံးရင် ချွေတာပြီးသုံးပါ ဆောင်းပါးများကို ဖတ်ကြားကြသည်။

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင် စက်မှုလက်မှုအထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

မော်လမြိုင်စက်မှုလက်မှုအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ယခုနှစ် ဒီဇင်ဘာ၁၃ရက် (စနေနေ့) နံနက်၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဇရပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲသို့ သတ္တမအကြိမ်အထိ တက်ရောက်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိတ်ဆုံစားပွဲသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဆရာဦးဉာဏ်ထွန်း ဖုန်း-၆၄၁၈၄၆၊ ဦးဆန်းဦး ဖုန်း-၅၇၂၃၇၅၊ ဦးကြည်မြင့် ဖုန်း-၀၉-၅၁-၁၁၇၅၈၊ ဦးထွန်းလွင် ဖုန်း-၇၂၄၇၁၃၊ ဦးမင်းငွေသန်း ဖုန်း-၆၈၃၄၁၉၊ ဦးရွှေဝင်း ဖုန်း-၀၉-၅၁-၆၉၆၂၃၊ ၆၈၀၂၂၆ နှင့် ဦးစိုးမြင့် ဖုန်း-၀၉-၅၁-၇၇၂၅၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တိုင်းရင်းဆေးဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်

ပခုက္ကူ အောက်တိုဘာ ၂၄

ပခုက္ကူခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်ရှင်မများ တိုင်းရင်းဆေးဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၁၈ရက် နံနက်က ပခုက္ကူမြို့နယ် ရွှေချောင်းကျေးရွာ အလကကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်မင်းသူက အဖွင့်အမှာစကားပြောကြားကြောင်း သိရသည်။ **(၀၇၀)**

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် စက်တင်ဘာ ၁၁ရက်က ဖောင်တော်ဆိုက်လမ်း လမ်းပေါက်ဖာထေးခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးလင်းထွဋ် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးသိန်းမြတ်ထိုက်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

လုပ်ငန်းစွမ်းဆောင်ရည် သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာရေးနှင့်ရာအိမ်မှူး၊ ဆယ်အိမ်မှူးများမှ လုံခြုံရေးနှင့် အုပ်ချုပ်ရေးသင်တန်းအမှတ်စဉ် (၃/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ၁၉ရက် နံနက် ၇နာရီက စစ်မှုထမ်းဟောင်းစံပြကျေးရွာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်ကြားပို့ချ

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များအား လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးအတွက် သင်ကြားပို့ချသည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းတွင် ကျေးရွာခြောက်ရွာမှ သင်တန်းသား သင်တန်းသူ ၂၂၃ဦးတက်ရောက်ပြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်း သင်တန်းအမှတ်စဉ် (၄/၂၀၀၈)ကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ပူတာအို၌ ဟောပြော

ပူတာအို အောက်တိုဘာ ၁၆

ပူတာအိုမြို့နယ် လုံရှာယန်ကျေးရွာအုပ်စု လုံရှာယန်ကျေးရွာ တွဲဖက်အထက်တန်းကျောင်း၌ စက်တင်ဘာ ၈ရက် နံနက် ၁၀နာရီက ဟောပြောပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးခင်ဆန်ခင်က မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ဟောပြောကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းပြင်ပ မူလတန်းပညာရေးကျောင်းများသို့ ထောက်ပံ့လှူဒါန်းပွဲ ပဲခူးမြို့၌ ကျင်းပ

ပဲခူး အောက်တိုဘာ ၂၂

ကျောင်းပြင်ပ မူလတန်းပညာရေးကျောင်းများသို့ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ရက် နံနက် ၉နာရီက ပဲခူးမြို့ သီရိဟံသာခန်းမ၌ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နိုင်နိုင်မော်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နိုင်နိုင်မော်က ပဲခူးမြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကျောင်းပြင်ပ မူလတန်းပညာရေးစခန်းလေးခုအတွက် ငွေကျပ် ၂၁၆၀၀၀တန်ဖိုးရှိ မီးချောင်းများကို သင်ကြားရေးစခန်းများမှ ဆရာ ဆရာမများအား လှူဒါန်းပြီး ကျောင်းပြင်ပ မူလတန်းပညာရေးကျောင်းများကိုယ်စား မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးအေးချို(ငြိမ်း)က ကျေးဇူးတင်စကား ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနားမြို့ ၌ ရေပေးရေးလုပ်ငန်းဆောင်ရွက်

မြစ်ကြီးနား အောက်တိုဘာ ၁၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိ သုံးစွဲနိုင်ရေးအတွက် မြစ်ကြီးနားမြို့ သီတာရေပေးရေးလုပ်ငန်းရှိ ရေစက်များ၊ ရေပိုက်လိုင်းများနှင့် ရေစုကန်များ တာရှည်ကြံ့ခိုင်ကောင်းမွန်ရေး မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ၃ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်နှင့် ကျွမ်းကျင်ဝန်ထမ်းများသည် သီတာရေပေးရေးလုပ်ငန်းရှိ ရေစက်များ ကောင်းမွန်ရေးစစ်ဆေးဆောင်ရွက်ခြင်း၊ မြေအောက်ရေစုကန်သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ရေဖြန့်ဝေမှုပိုက်လိုင်း၊ ဂိတ်ဘားများ စစ်ဆေးပြုပြင်ခြင်းများကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးဇော်မိုးက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။(အပေါ်ပုံ)

(မြို့နယ်စည်ပင်)

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း စက္ကူနွယ်သာကီ၊ ခရာဝါနှင့် စိန်တံချူပင်များ ပျိုးထောင်ထားမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှမြင့်က ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ ရွှေဘိုမြို့၌ ကျင်းပ

ရွှေဘို အောက်တိုဘာ ၂၀

(၄၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၉နာရီက ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌဦးအုန်းချိုက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကျင်းပရခြင်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ထူးချွန်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆုများ ချီးမြှင့်ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကော့သောင်းမြို့ သာယာလှပရေးအတွက် ဘုရင့်နောင် အငူပတ်လမ်း ပါချန်မြစ်ကမ်းနား ကာရံထားသော ဂတ်ပို့(စ်)တိုင်နှင့် သံပိုက်တန်းများ အသစ်ပြန်လည် ဆောင်ရွက်မည့် လုပ်ငန်းကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူး စက်တင်ဘာ ၂၅ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကြည်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဂုဏ်ထူးရ ကျောင်းသားများ ရေဦး၌ ဆုချီးမြှင့်

ရေဦး အောက်တိုဘာ ၂၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၇ရက် နံနက် ၁၁နာရီက ရေဦးမြို့နယ် ထန်းတောဗောဓိ အခြေခံပညာ အထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဆုပေးပွဲတွင် စစ်ကိုင်းတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးဝင်းကြည်က ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆု ပေးအပ်ခြင်းနှင့် ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းအုပ်ချုပ်ရေးမှူး ဦးဝင်းကြည်က ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသားကျောင်းသူ နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရ ကျောင်းသားကျောင်းသူ ခြောက်ဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ တိုင်းအုပ်ချုပ်ရေးမှူး ဦးဝင်းကြည်က ပညာရေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀သိန်းနှင့် ငွေကျပ်ငါးသိန်းတန် ကွန်ပျူတာတစ်လုံးတို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ဌေးထံ လွှဲပြောင်းပေးအပ်ကြောင်းသိရသည်။(၀၃၄)

မြေယာရှင်း အလှပြုပြင်

ဂန့်ဂေါ အောက်တိုဘာ ၂၃

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် စက်တင်ဘာ ၁၇ရက်က မြို့အဝင်လမ်းဆုံ တိုဂံကျွန်းတွင် မြေယာရှင်းအလှပြုပြင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နံ့ရုံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ တန့်ယန်းမြို့နယ်၌ ကျင်းပ

တန့်ယန်း အောက်တိုဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော နံ့ရုံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို အောက်တိုဘာ ၉ရက် နံနက်၉နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် နံ့ရုံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးစိုင်းထွန်းကျော်က ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ပြပွဲကို နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးခိုင်ဇော်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစိုင်းထွန်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြသထားသော နံ့ရုံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများကို အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ လှည့်လည်ကြည့်ရှု အားပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ပေလီကမ်းခြေ သာယာလှပရေး ပုံဖော်ဆောင်ရွက်

သံတွဲ အောက်တိုဘာ ၂၄

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ပေလီကမ်းခြေလမ်းမကြီး သာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ အုန်းပင်များသန့်ရှင်းခြင်း၊ အရိပ်ရပင်များ ပုံဖော်ဆောင်ရွက်ခြင်းများနှင့် လမ်းဘေးဝဲယာမြက်ခင်းနှင့် မြေယာရှင်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဝေးပြေးလမ်းမကြီး ကတ္တရာခင်းခြင်းလုပ်ငန်း စတင်နိုင်ရန် ကျောက်ကြီးများ ဝယ်ယူစုဆောင်းထားရှိမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း စစ်ဆေးရာ လုပ်ငန်းခွင် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီတာစိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်မြင့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၅-၁၉၈၁ အင်ဂျင်နီယာနှင့် ဗိသုကာကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၇၅ခုနှစ် ဝင်ခွင့်ရရှိသူများနှင့် ၁၉၈၁ခုနှစ်တွင် ဘွဲ့ရရှိခဲ့သူ အင်ဂျင်နီယာနှင့် ဗိသုကာကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၇ရက် ညနေ ၅နာရီမှ ည ၉နာရီအထိ M-3 Food Centre တွင် ကျင်းပမည်ဖြစ်ရာ ဦးစောမောင်(Mining)ဖုန်း-၀၉-၅၁-၅၆၅၁၅၊ ဦးမောင်အုန်း(Mech:)ဖုန်း-၀၉-၅၁-၂၁၀၃၆၊ ဦးကျော်ဦး(Mech:)ဖုန်း-၀၂-၆၄၀၆၃(မန္တလေး)၊ ဦးကျော်ဆန်း(Civil)ဖုန်း-၀၉-၅၀-၀၃၈၁၆၊ ဦးတင်အောင်(Civil)ဖုန်း-၀၉-၅၁-၃၄၄၉၉(မန္တလေး)၊ ဦးအောင်နိုင်မြင့်(EC)ဖုန်း-၀၁-၅၄၉၅၈၃၊ ဦးစိန်အောင်(EC)ဖုန်း-၀၉-၅၀-၀၃၄၂၀၊ ဦးရဲမြင့် (EP) ဖုန်း-၀၉-၅၀-၀၆၃၇၁၊ ဒေါ်သူဇာမြင့်(Chem)ဖုန်း-၀၉-၅၁-၃၀၄၅၀၊ ဦးစန်းလွင်(Petrol)ဖုန်း-၀၂-၃၄၁၅၄(မန္တလေး)၊ ဦးသန်းအောင်(Met) ဖုန်း-၀၁-၂၉၀၆၇၇၊ ဒေါ်တင့်တင့်သိန်း (Textil) ဖုန်း-၂၀၃၃၀၉၁နှင့် ဦးလှိုင်မြင့်(Arch)ဖုန်း-၀၉-၅၁-၁၇၇၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၇ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၁၃မှုတွင် ရောင်းချသူ ၁၁ဦးအား အနည်းဆုံးထောင်ဒဏ် နှစ်နှစ်မှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိ ပြစ်ဒဏ်ချမှတ် အရေးယူခဲ့သည်။ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်သူနှစ်ဦးအား အနည်းဆုံးထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၈ခုနှစ်တွင် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်ပါက ယခင်နှစ်များနည်းတူ တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာ ဆုချီးမြှင့်မည်။ **ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

ချုံနွယ်ပိတ်ပေါင်း ခုတ်ထွင်ရှင်းလင်း

မန္တလေးတိုင်း စဉ့်ကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့် ဦးဆောင်သော ဝန်ထမ်းများဖြင့် စဉ့်ကူးကားလမ်းမကြီးဝဲယာတစ်လျှောက်ရှိ ရေမြောင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများနှင့် သစ်ရွက်ခြောက်များ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားရေး ကျွဲ၊ နွားစွန့်ပစ်ပစ္စည်းများမှ ဇီဝဓာတ်ငွေ့ထုတ်ယူအသုံးချ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အထွက်ကောင်းမျိုးစိုက်ပျိုး

ရန်ကုန် အောက်တိုဘာ ၂၈

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့နံနက် ၈နာရီ ၁၀မိနစ်တွင် ပုသိမ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ လမ်းခရီးတစ်လျှောက်ရှိ မိုးစပါးစိုက်ပျိုးဖြစ်ထွန်းမှုနှင့် စပါးများ သီးမှည့်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နံနက် ၈နာရီ ၄၅မိနစ်တွင် လပွတ္တာခရိုင် ပြင်စလူမြို့သို့ ရောက်ရှိသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးချုပ်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရှင်းလင်းခန်းမ၌ ဝန်ကြီးချုပ်အား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက Cyclone Shelter များ တည်ဆောက်ရန် နေရာရွေးချယ်ထားမှု၊ နေအိမ်များ ဆောက်လုပ်ပြီးစီးမှု၊ လမ်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းတင့်က လပွတ္တာ-သဃ်န်းကြီး-ပြင်စလူ လမ်း ဖောက်လုပ်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တူရကီနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၈ခုနှစ် အောက်တိုဘာ၂၉ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ တူရကီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရီဆက် တေယစ် အာဒိုဂန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ငွေစင်ရော်စံပြကျေးရွာ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်း ငွေစင်ရော်စံပြကျေးရွာ

မော်လမြိုင်ကျွန်းမြို့နယ် ငွေစင်ရော်စံပြကျေးရွာကို တွေ့ရစဉ်။ (သတင်းစဉ်)

နို့ဆီ ပေါင်းအိုးကြီး

နေပြည်တော်တပ်ကုန်း စန္ဒာဝင်း နို့ဆီပေါင်းစက်ရုံ၌ နို့ဆီပေါင်း အိုး ကြီးကို ဤသို့တွေ့ရသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပေးသည့် နို့ဆီပေါင်းစက်ရုံ

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

နေပြည်တော် အောက်တိုဘာ ၂၈

နေပြည်တော်တပ်ကုန်းအဝင် ဘယ်ဘက်ကားလမ်းမှ နှစ်ဖာလုံခန့် ချိုးဝင်လိုက်သည်နှင့် မွှေးကြိုင်သော နို့ဆီအနံ့က လေနှင့်အတူ ပျံ့လွင့်လာသည်။

သယ်ယူရွှေ့ပြောင်း

စက်ရုံအတွင်း လှမ်းဝင်လိုက်ရာ နို့ပုံးများကို သယ်ယူရွှေ့ပြောင်းနေသော အလုပ်သမားများ၊ နို့ကို သန့်စင်အောင် စစ်ထုတ်နေသည့်သူများ၊ ထုတ်လုပ်ပြီး နို့ဆီပုံးများကို ဆိုင်ကယ်များဖြင့် လာရောက်သယ်ယူနေကြသူများကို တွေ့ရသည်။ အလုပ်သမားတစ်ဦးက စက်ရုံပိုင်ရှင်နှင့်တွေ့ဆုံပေးရာ "ကျွန်မအမျိုးသားက ရန်ကုန်သွားတယ်။ အမည်က ဦးအောင်သိန်း၊ ကျွန်မက ဒေါ်အေးမြင့်ဖြစ်ပါတယ်။ ကျွန်မတို့ ဇနီးမောင်နှံ ဦးစီးလုပ်ကိုင်နေတာမို့ ဆရာတို့သိချင်တာ မေးလို့ရပါတယ်"ဟု ပြောပြသည်။

အနီးကပ်ကြီးကြပ်

စက်ရုံအကျယ်အဝန်းမှာ သိပ်ကျယ်ဝန်းမှုမရှိချေ။ သို့သော် အလုပ်သမား၊ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် လုပ်ငန်းခွင်လည်ပတ်နိုင်မှုအတွက် အကျယ်အဝန်းမှာ အနေတော်ဖြစ်နေသည်ကို တွေ့ရသည်။ ဒေါ်အေးမြင့်က အလုပ်သမားများကို လုပ်ငန်းခွင်အတွင်း အနီးကပ်ကြီးကြပ် ညွှန်ကြားနေသည်မှာ စေ့စပ်မှုရှိကြောင်း တွေ့ရသည်။

စာမျက်နှာ ၅ ကော်လံ ၁ ■